mgyoe.com



# အေးအတူပူအမျှ

ဒေါ်ရီကြိုင်

ဒုတိယအကြိမ်

mgyoe.com

Photo by Mike Kenneally on Unsplash

mgyoe.com

# အေးအတူပူအမျှ

ဒေါ်ရီကြိုင်



Photo by Victor Benard on Unsplash

ISBN9789997110480
DYK2
9 789997 110480
2,200.00KS

အေးအတူပူအမျှ၊ ဒေါ်ရိကြိန်
စာမျက်နှာ ၁၆၅ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀။
၂၀၀၁ ပေဟမန်စာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အေးအတူပူအမျှ

ဒေါ်ရီကြိုင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာ | (က) |
| – | ကျေးဇူးတင်လွှာ | (ဂ) |
| ၁။ | စိတ်သာအဓိက | ၁ |
| ၂။ | တောက်ပြောင်ထက်မြက်နေရမည့် သစ္စာတရား | ၇ |
| ၃။ | ဘဝတည်ငြိမ်ရေး | ၁၃ |
| ၄။ | အိမ်ထောင်ပြုချင်လှသော လူပျိုကြီးများ | ၁၈ |
| ၅။ | အပျိုကြီးမမတို့အတွက် | ၂၃ |
| ၆။ | အကောင်းမြင်တတ်ပါစေ | ၃၀ |
| ၇။ | တွဲရမည့်ညကျခါမှ ကွဲကြရသည် | ၃၆ |
| ၈။ | အမေက ငယ်သေးတယ်တဲ့ | ၄၁ |
| ၉။ | သီရိဂေဟာ | ၄၇ |
| ၁၀။ | လျှာနှင့် သွား | ၅၂ |
| ၁၁။ | မိဘနှင့် ယောက္ခမ | ၅၉ |
| ၁၂။ | ကျွဲနှစ်ကောင်ခတ်ကြရာမှ | ၆၅ |
| ၁၃။ | အိမ်ဦးနတ်မည်သူနည်း | ၇၀ |
| ၁၄။ | ကိုယ်ချင်းစာတရား | ၇၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ | သူ့ဘက်ကိုယ့်ဘက် | ၇၉ |
| ၁၆။ | အထင်အမြင်နှင့် လက်တွေ့ဘဝ | ၈၅ |
| ၁၇။ | နှစ်ဖက်မိဘ | ၉၁ |
| ၁၈။ | ယောက္ခမမို့ ကြောက်ရမှာလားရှင် | ၉၆ |
| ၁၉။ | သားတို့အမေ | ၁၀၂ |
| ၂၀။ | ရင်နာခဲ့သော်လည်း | ၁၀၈ |
| ၂၁။ | ပထွေး | ၁၁၅ |
| ၂၂။ | ဖခင်တစ်ဦး၏ သံဝေဂ | ၁၂၂ |
| ၂၃။ | မတော်လျှင် အကော်ခက်ပါဘိ | ၁၂၆ |
| ၂၄။ | မထိမဲ့ကင်း အပ်နှင်းဥစ္စာ | ၁၃၄ |
| ၂၅။ | မာန | ၁၃၉ |
| ၂၆။ | အငိုလွယ်၍ အရှိက်ခက် | ၁၄၄ |
| ၂၇။ | တစ်ခုလပ် | ၁၅၀ |
| ၂၈။ | ဆုပ်လည်းဆူး စားလည်းရူး | ၁၅၅ |
| ၂၉။ | မျက်နှာမများချင်ပါ. . . . သို့သော် | ၁၆၁ |


○

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာ

ယခု ထုတ်ဝေသည့် "အေးအတူပူအမျှ"စာအုပ်ပါကိစ္စရပ်များမှာ ဖြစ်ရပ်မှန်များသာ ဖြစ်ပါသည်။ သိပ္ပံမဂ္ဂဇင်းတွင် ကျွန်မ လစဉ်ဖော်ပြခဲ့ဖူးသော အကြောင်းအရာများမှ ကောင်းနိုးရာရာရွေးနုတ်၍ စုပေါင်းပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။ ယခင်ထုတ်ဝေပြီးဖြစ်သည့် "အပေးအယူ မျှပါစေ" စာအုပ်ပါ အကြောင်းအရာများနှင့်လည်း ဆက်စပ်၍ ဖတ်ရှုနိုင်ပါသည်။

ကျွန်မထံ စာရေး၍ရင်ဖွင့်သူများက သူတို့၏နာမည်ရင်းကို လိပ်စာနှင့်တကွ ဖော်ပြခဲ့ကြသော်လည်း ကျွန်မ၏ဆောင်းပါးများတွင် နာမည်လွှဲ၍ ဖော်ပြခဲ့ပါသည်။ အိမ်ထောင်ဖက်နှစ်ဦး တစ်ဦးပေါ်တစ်ဦး ထင်မြင်ချက်လွဲမှားခြင်း၊ ဖြစ်ပျက်တတ်သော အသေးအဖွဲ ကိစ္စကလေးများကိုပင် ပုံကြီးချဲ့၍ ဒေါသဖြစ်ကာ မဖြစ်သင့်သော ကိစ္စများကိုပင် ဖြစ်ပေါ်မလာစေရန်နှင့် ကာကွယ်ပပျောက်နိုင်စေရန်အတွက် သာဓကအဖြစ်သာ ဖော်ပြပါသည်။ ဤသို့သော အလားတူပြဿနာများ လောကကြီးတွင် အများကြီးရှိပါသည်။ မဆန်းပါ ခွင့်လွှတ်နိုင်ကြပါစေ၊ ချစ်ကြိုးရှည်နိုင်ကြပါစေ ဟူသော ရည်ရွယ်ချက်နှင့် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

လောကကြီး တည်တံ့တိုးပွား၍ ကမ္ဘာကြီးစည်ကားနေခြင်းမှာ ကမ္ဘာသူကမ္ဘာသားများ ကြီးပြင်းလာသည်နှင့် အိမ်ထောင်ပြုပြီးသား၊

mgyoe.com

mgyoe.com



သမီးများမွေးဖွားသောကြောင့်ဟု ဝန်ခံရပါမည်။ အိမ်ထောင်တစ်စုက စပြီး ရပ်ရွာ၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း စသည်မှ ကိုယ့်အုပ်စုနှင့်ကိုယ် မိမိတို့နိုင်ငံကို မိမိတို့ ဝိုင်းဝန်းတည်ထောင်ခဲ့ကြပါသည်ဟု ဆိုသော် မှားအံ့လော။

"ဃရာဝါသ ကိစ္စမြားမြောင် လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး ခြနှယ်မြေးသာ လူရေးကျယ်စွာ အဖြာဖြာကို"ဟူ၍ ပညာရှိစာဆိုတော် ကြီးများက စပ်ဆိုခဲ့ပါသည်။ ထိုကျယ်ဝန်းလှသော လူမှုရေးကို အိမ်ထောင်သည်များက စိတ်တူသဘောတူ ချစ်သူကို ကိုယ်တိုင်ရွေး၍သော် လည်းကောင်း၊ မိဘက ရှာဖွေနေရာချပေးခဲ့ကြ၍လည်းကောင်း အိမ်ထောင်စုများ ဖြစ်ပွားလာရာမှ နိုင်ငံတိုင်းတွင် အိမ်ထောင်စုများ အများအပြား ဖြစ်ပွားလာပါသည်။ မိဘမှလွဲ၍ ဘဝတွင် စိတ်သဘောထား ညီညီမျှမျှ ပေါင်းသင်းဆက်ဆံ နေကြသူများမှာ မိတ်ဆွေ အရင်းအစစ်များ၊ တစ်ဦးနှင့်တစ်ဦးစပ်ကြား လျှို့ဝှက်မှု လုံးဝ မထားဘဲ ပေါင်းသင်းရမည့်သူများအဖြစ် မြဲမြဲစွာလက်တွဲရမည့် ဇနီးမောင်နှံများ ဖြစ်ပါသည်။ ပြဿနာပေါ်သမျှ အေးအတူပူအမျှ စိတ်အေးအေးထား၍ ဖြေရှင်းနိုင်ပါက အိမ်ထောင်ရေးချမ်းမြေ့သာယာကြမည်မှာ မုချဖြစ်ပါသည်။ အိမ်ထောင်တစ်ခုမှာ တစ်ဦး တစ်ဖက်တည်းအပေါ် စားဝတ်နေရေးနှင့် အိမ်ထောင်သာယာရေးကို လုံးဝလွှဲမအပ် မထားဘဲ မောင်နှင့်မယ် လက်တွဲ၍ အေးအတူပူအမျှ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဝါဒကို လက်ကိုင်ထားကာ အိမ်ထောင်သုခရအောင် ကြိုးပမ်းနိုင်ပါစေ။

ဒေါ်ရီကြိန်

ဝ

mgyoe.com

mgyoe.com

# ကျေးဇူးတင်လွှာ

ယခုထုတ်ဝေလိုက်သော ကျွန်မ၏ "အေးအတူ ပူအမျှ"စာအုပ်နှင့် ယခင်ထုတ်ဝေခဲ့သော "အပေးအယူမျှပါစေ" စာအုပ်နှစ်အုပ်စလုံး အတွက် ဆရာမှူးတင် (သိပ္ပံမဂ္ဂဇင်း) အား ကျေးဇူးတင်ရပါမည်။ သိပ္ပံမဂ္ဂဇင်းမထုတ်ဝေမီ ကြိုးပမ်းနေဆဲကာလကပင် ကျွန်မ၏မိတ်ဆွေ မှူးတင်က "အစ်မကြီးရေ၊ ကျွန်တော် မဂ္ဂဇင်းထုတ်ဝေခွင့် တင်ထား ပါပြီ။ အိမ်ထောင်သာယာရေး ကိစ္စတွေ အစ်မကြီး တာဝန်ယူရေးပါ။ အခုကတည်းက စာမူတွေ ရေးထားပါ"ဟု တိုက်တွန်းခဲ့သောကြောင့် ဤဆောင်းပါး စတင်ရေးသားလာခဲ့ရခြင်း ဖြစ်သည်။ ကျွန်မ၏ ဆောင်းပါးများကို လစဉ် ဖော်ပြပေးရုံသာမက "အပေးအယူ မျှပါစေ" စာအုပ်ကို ဆရာမှူးတင်ကပင် ဦးစွာ စုဆောင်းထုတ်ဝေပေးခဲ့ပါသည်။ စာဖတ် ပရိသတ်များ၏ တောင်းဆိုချက်အရ ဒုတိယအကြိမ်၊ တတိယ အကြိမ် ထုတ်ဝေခဲ့ပြီးပါပြီ။

ဤ "အေးအတူ ပူအမျှ"စာအုပ်မှာ "အပေးအယူ မျှပါစေ" စာအုပ် တွင် မပါသေးသောကြောင်းအရာနှင့် ဆောင်းပါးများ ဖြစ်သည်။ "အေး အတူ ပူအမျှ"စာအုပ် ဖြစ်မြောက်လာရခြင်းအတွက် သိပ္ပံမဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဆရာမှူးတင်၊ စာမူ ဆောင်းပါးများ ပြန်လည်ရှာဖွေ စုဆောင်းရာ၌ အင်တိုက်အားတိုက်ကူညီခဲ့သော သိပ္ပံမဂ္ဂဇင်း ရုံးအဖွဲ့ သားများနှင့် ပုံနှိပ်ထုတ်ဝေခွင့် ရုံးကိစ္စများ ကူညီဆောင်ရွက်ပေးခဲ့သော

mgyoe.com

mgyoe.com



တူတော်မောင် ဦးခင်မောင်မြင့်တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ အခြားကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များမှာ ကျွန်မအား ယုံကြည်အားကိုးစွာဖြင့် မိမိတို့အတွေ့အကြုံအခက်အခဲများ ရင်ဖွင့်လာကြသော မိတ်ဆွေ၊ တူ၊ တူမများနှင့် ကျွန်မ၏ဆောင်းပါးများကို အစဉ်တစိုက်အားပေးကြသော စာဖတ်ပရိသတ်များဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ဒေါ်ရီကြိန်

၀

mgyoe.com

mgyoe.com

၁

# စိတ်သာအဓိက

ကျွန်တော်ဟာ ဦး. . . .နှင့် ဒေါ်. . . .တို့အိမ် သွားလည်တိုင်း ဒေါ်ဒေါ်ဟာ အမြဲ နေမကောင်းနေတာပဲ။ ဗိုက်နာလို့၊ ခေါင်းမူးလို့၊ အစာမကြေလို့ အစရှိသဖြင့်ပေါ့လေ။ ဦးတို့အိမ် ကြာကြာထိုင်ရမှာတောင် အားနာလာတော့တယ်ဟု ကျွန်မ မိတ်ဆွေဇနီးမောင် နှံအကြောင်းကို လူငယ်တစ်ဦးက ပြောပြသည်။

အခြားလူငယ်တစ်ဦးကမူ “ကြီးကြီးရေ၊ ကြိုးစားချွေတာပြီး ငွေပိုငွေလျှံကလေးများ ရှိလာရင် အိမ်က အမျိုးသမီးက နေမကောင်းလာပါရော။ စုမိသမျှ ငွေလေး ဆေးဖိုးဝါး ခနှင့် ကုန်ပါရောခင်ဗျာ။ သူ မကျန်းမာနေတာကတော့ ထာဝရလို့တောင် ဆိုချင်ပါတယ်။ နည်းနည်းသက်သာတာနှင့် ပိုဆိုးလာတာရှိတာပါပဲ။ ခေါင်းမူးလိုက်၊ နှလုံးခုန်လိုက်၊ အားနည်းလို့၊ အစာမကြေလို့ပေါ့ခင်ဗျာ။ ဆရာဝန်တွေပြတော့လည်း ဘာမှထူးထူးခြားခြား ဖောက်ပြန်မှုရောဂါလက္ခဏာများလည်း မတွေ့ရဘူးဆိုပြီး အားဆေးပဲပေးတာပါ” ဟု ညည်းညည်းညူညူ ပြောရှာပါသည်။

နောက်တစ်ဦးကမူ အမျိုးသမီးမိတ်ဆွေ၊ “မမရေ၊ အိမ်က အဖေကြီးလေ အငြိမ်းစား ယူပြီးမှ ဘယ်တော့မေးမေး နေမကောင်းဘူးပဲ ဖြေတယ်။ ညီမက ပြုသင့်ပြုအပ်တဲ့ ဝေယျာဝစ္စအားလုံး လုပ်ပေးပါတယ်။ ဒါပေမဲ့ အလုပ်ကတစ်ဖက်ဆိုတော့ တစ်နေကုန် အောင်တော့ သူ့အနားမှာ မရှိနိုင်ဘူးမမရယ်။ အဲဒီကိစ္စကလည်း တစ်မှောင့်လေ။ အိမ် လာတဲ့ ဧည့်သည်တွေကို “ကျွန်တော့် မိန်းမကတော့ သူ့အလုပ်တာဝန်ကလွဲပြီး ဘာမှ

mgyoe.com

mgyoe.com
အရေးမစိုက်နိုင်ပါဘူး။ ကျွန်တော့်ကို တပည့်တွေနှင့် ပစ်ထားတာပါ" လို့ တိုင်သေးတယ် မမရယ်"

ခုခေတ်အိမ်ထောင်တိုင်းမှာ နှစ်ယောက်စလုံး အလုပ်လုပ်နိုင်ပါမှ တော်ရုံကလေးပါ။ သူ အငြိမ်းစားယူပြီးတော့ ညီမက ပိုပြီးရှာဖွေရတာပေါ့။ အဲဒီကိစ္စ ဘယ်လိုဖြေရှင်းရမလဲ မမပြောပါဦး" ဟုအကြံတောင်းဖူးပါသည်။

လက်ထပ်ပြီးစ ချစ်စခင်စအရွယ်တွေမှာလည်း အဆင်မပြေမှုရှိကြသေး၏။ "ကြီးကြီးရယ် ကျွန်တော့်အမျိုးသမီးက တစ်လအခါပေါင်း ၃၀ လောက် စိတ်ကောက်တယ်။ ကျွန်တော့်မိခင်ကြီးနဲ့ နေရတော့ သူစိတ်ကောက်ပြီး အခန်းထဲကမထွက်၊ မစားမသောက်နေတဲ့အခါ တစ်အိမ်လုံးက စိတ်မချမ်းသာရဘူး။ စိတ်ကောက်တဲ့အကြောင်းကလည်း ဘာမှမည်မည်ရရမဟုတ်ပါဘူး။ ကျွန်တော့်ကို သဝန်ကြောင်နေတာပါပဲ။ တွေ့တဲ့အခါ ကြီးကြီး နည်းနည်းလောက်ပြောပေးပါဦး" ဟု စစ်ကူတောင်းသူများလည်း ရှိပါသည်။

အနောက်နိုင်ငံများတွင်မူ လူမှုဝန်ထမ်းဌာနများရှိသည်။ အထက်ပါ ကိစ္စများ ကြုံကြိုက်သည့်အခါ ကာယကံရှင်များက လူမှုရေးဝန်ထမ်းဌာနများအား သတင်းပို့လျှင် တာဝန်ရှိပုဂ္ဂိုလ်များက သတင်းရသည့်နေရာဌာနများသို့ သွားရောက်၍ ဇနီးမောင်နှံနှစ်ဦး၏ ပတ်ဝန်းကျင်အခြေအနေကိုလေ့လာသည်။ နှစ်ယောက်စလုံးကို တစ်ဦးစီခေါ်ယူဆွေးနွေးသည်။ အချို့ဒေသများတွင်မူ သက်ဆိုင်ရာ ဘာသာရေးပုဂ္ဂိုလ်များက ခေါ်ယူဆွေးနွေးသည်။ ထိုကိစ္စမျိုးကိုင်တွယ်သူများသည် အများအားဖြင့် စိတ်ပိုင်းဆိုင်ရာ ပညာများ၊ လူမှုရေး သိပ္ပံပညာများကို လေ့လာထားသူ၊ တတ်သိလိမ္မာသူများဖြစ်တတ်ကြပါသည်။ ဖြေရှင်းပေးနိုင်သည့်ကိစ္စများရှိသလို ဖြေရှင်းမှု လက်မခံဘဲ လမ်းခွဲသွားကြသူများလည်းရှိတတ်ပါသည်။

ကျွန်မတို့နိုင်ငံမှာ ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်၍ တင်းတိမ်ရောင့်ရဲလွယ်ကြသည်။ သည်းခံခွင့်လွှတ်တတ်ကြသည်။ မိဘက ဘာသာရေးအရ မင်္ဂလာတရားတော်များကို သားသမီးများအား သင်ကြားထားသည့် အိမ်ထောင်နှင့် စည်းကမ်းစနစ်ရှိသော အိမ်ထောင်များမှ ပေါက်ဖွားလာသူများအဖို့ အရွယ်ရောက်၍ အိမ်ထောင်ပြုကြသောအခါ ပြဿနာတွေ့ရမှုနည်းပါးပါသည်။ မိဘက အလိုလိုက်အကြိုက်ဆောင်ထားသော သားနှင့်သမီးဆုံစည်းကြသည့်အခါ ပြဿနာများ ထိပ်တိုက်ဝင်လာတတ်ပါတော့၏။

တက္ကဆပ်ပြည်နယ် ဟူစတန်ရဲဌာနမှ ဆိုးသွမ်းလူငယ်ဖန်တီးရေး မိဘများအတွက် အခြေခံဖတ်စာဟူ၍ လက်ကမ်းကြော်ငြာချက်တစ်ခု ဝေငှဖူးပါသည်။ ယင်းကြော်ငြာစာတွင်–

mgyoe.com

( ၁) ကလေးကိုငယ်စဉ်ကစ၍ လိုသမျှပေးပါ။ သူ့ဘဝတွင် သူဘာလိုလိုရလိမ့်မည်ဟု သူယုံကြည်နေမည်။

( ၂) ကလေးက ညစ်ညမ်းစွာ ဆဲရေးနေလျှင် ရယ်နေလိုက်ပါ။ သူက သူများကို ရယ်အောင်လုပ်တတ်သူဟု သူယုံကြည်နေမည်။

( ၃) ဘာသာရေးနှင့် လိမ္မာရေးခြားရှိမှုကို မသင်ပါနှင့်။ ကြီးလာလျှင် သူ့ဘာသာလိမ္မာလာမည်။ သူကြိုက်သည့်ဘာသာကို ကိုးကွယ်လိမ့်မည်။ ပစ်ထားလိုက်ပါ။

( ၄) သူ့အတွက်လိုသမျှလုပ်ပေး။ သူပစ်ချသမျှ သိမ်းဆည်းပေးပါ။ လောကကြီးတွင် သူ့တာဝန်မှန်သမျှ သူတစ်ပါးက လုပ်ပေးရန် သူမျှော်လင့်နေမည်။

( ၅) ကလေးရှေ့မှောက်တွင် ခိုက်ရန်ဒေါသ ဖြစ်ပွားငြင်းခုံသတ်ပုတ်ပြခြင်း မကြာခဏပြုပေးပါ။ သို့မှသာ နောင်တွင်အိမ်ထောင်ရေး ပျက်ပြားသွားလျှင် သူ့အတွက် ဘာမှမဆန်းဘဲ နေတတ်လိမ့်မည်။

( ၆) လိုချင်သလောက် မုန့်ဖိုးပေးပါ။ မိဘများချို့တဲ့သလို သူ မချို့တဲ့ပါစေနှင့်။

( ၇) စားချင်၊ သောက်ချင် ဝတ်စားဆင်ယင်ချင်သမျှ သူ့စိတ်ချမ်းသာအောင် အလိုလိုက်ဖြည့်စွမ်းပေးပါ။

( ၈) ဘယ်ကလေးနှင့်ရန်ဖြစ်စေကာမူ ကိုယ့်ကလေးဘက်က လိုက်ပါ။ အိမ်နီးချင်းရဲအရာရှိ၊ ဆရာမများက တိုင်တန်းသည့်တိုင် မိမိကလေးဘက်က ကာကွယ်ပေးပါ။

( ၉) ကလေးကြီးလာ၍ ဒုက္ခအကြီးအကျယ်တွေ့မှ "ဘယ်သူမပြု မိမိမှုမို့ ယခုဘာမှမတတ်နိုင်တော့ပြီ" လို့သာ သံဝေဂ ယူပါတော့။

(၁၀) ထိုမိဘမျိုးသည် မိမိတစ်သက် ဒူးနှင့်မျက်ရည်သုတ်ရန်သာ ပြင်ပေတော့။ ဒုက္ခလှလှကြီးတွေ့ရမည်အမှန်ပါ" ဟု အချက် ၁၀ ချက်ရေးထားပါသည်။

အထက်ပါမိဘများမှ ပေါက်ဖွားလာသော သားသမီးများ အိမ်ထောင်ကျလျှင် သူ့အိမ်ထောင်ဖက်ကို မည်သည့်နည်းနှင့်မျှ စိတ်ချမ်းသာမှုပေးနိုင်မည်မဟုတ်ပါ။

ဆောင်းပါးအစက ဖော်ပြခဲ့သော အိမ်ထောင်စုများကို ခြုံ၍လေ့လာပါလျှင် တစ်ဦးဦးသည် အတ္တလွန်ကဲပြီး မိမိကိုသာ ပတ်ဝန်းကျင်က အရေးပေးမှုလိုလားသူ၊ မိမိသက်သာချောင်ချိစွာနေထိုင်ရေး ဖိမ်ရှိရှိနေနိုင်ရေးအတွက် လူတကာ ဖြည့်စွမ်းပေးရမည်ဟု ယုံကြည်မျှော်လင့်နေကြသူများ ဖြစ်ကြသည်ကို တွေ့ရပေလိမ့်မည်။

လင်က အရာရှိ ပညာတတ်၊ အမျိုးသမီးက စာရေးတတ် ဖတ်တတ်ရုံ ရှိရကား

mgyne.com

မိမိအဖို့ လင်၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်မှုမရှိသောအခါ မိမိကိုယ်မိမိ အားမရ၊ သွားရန်လာရန်ကိစ္စရှိတိုင်း၊ အိမ်တွင် ဧည့်သည်ရောက်လာတိုင်း သူနေမကောင်း ဖြစ်ရသည်။ အမှန်မှာ စိတ်နေမကောင်းခြင်းကစပြီး လူပါ မူးယောင်ယောင်၊ ရင်ခုန် သယောင်ယောင် စသည့်ကိစ္စဖြစ်ပေါ်လာရသည်ဟု ကောက်ချက်ချနိုင်လေသည်။ ဤသို့ ပြုမူခြင်းသည် သူ့အားအရေးပေးမှုကို ရယူနိုင်ရန်ဖြစ်ပါသည်။

အခြားကိစ္စမှာ လူငယ်တို့အိမ်ထောင်ပြုကြသည့်အခါ အမျိုးသမီးများသည် ဂုဏ်တု ဂုဏ်ပြိုင်ကိစ္စများရှိတတ်သည်။ မိမိခင်ပွန်း ဝင်ငွေနှင့် အခြားဇနီးများလို ဝတ်စားဆင်ယင်မှု၊ သွားလာလှုပ်ရှားမှု မပြုနိုင်သည့်အခါ စိတ်အားငယ်သည်။ လင်ကလည်း သူ့ လိုအင်ဆန္ဒ သို့ အမှုမထား၊ ရိုးသားတည်ငြိမ်နေသောအခါ ဇနီးဖြစ်သူမှာ အားမလို အားမရ၊ မိမိမှာ လည်း ရှာဖွေပေးနိုင်စွမ်းမရှိ၊ ဖြစ်သမျှနှင့်လည်း မရောင့်ရဲသောအခါ တဖြည်းဖြည်း စိတ်ရောဂါရလေတော့၏။

အိမ်ထောင်တစ်ခုတွင် လင်ရော မယားပါ နှစ်ဦးစလုံးဝင်ငွေရရှိအောင် ဆောင်ရွက် လုပ်ကိုင်နေရသောအခါ တစ်ဦးနှင့်တစ်ဦး ပြုစုယုယနိုင်မှုမှာ လျော့ပါးသွားမည်မှာ အမှန် ဖြစ်သည်။ ဤနေရာတွင် အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ တစ်ဦးဦးက အတ္တလွန်ကဲပြီး "သူ့အလုပ်သာ သူ ဂရုစိုက်နေတာပဲ။ လင်တော့ ဂရုမစိုက်ဘူး" သို့မဟုတ် "ကိုယ်က အပိုဝင်ငွေရအောင် ရှာဖွေနေတာတောင် သူက ကျေးဇူးတင်စကားလေးတောင် မပြောဘူး။ ငွေလည်းရှာရသေး သူ့လည်း တယုတယပြုနေရဦးမှာလား၊ အလိုက်သိဖို့ ကောင်းပါတယ်" ဟူသော အယူအဆများဝင်လာသောအခါ အိမ်ထောင်ရေးမသာမယာ ဖြစ်ကြမည်အမှန်ပါ။ ဖြစ်နေသောအခြေအနေမှန်ကို မသုံးသပ်မိဘဲ ကိုယ့်ဆန္ဒမပြည့်ဝ၍ စိတ်မကျေမနပ် ဖြစ်နေ သမျှ ပေါင်းသင်းဆက်ဆံရေး ပြေလည်ရန် မလွယ်ကူပါတော့ချေ။ စိတ်ချမ်းသာလိုသူတိုင်း မိမိကိုယ်ရေးကိုယ်တာကို ဘေးဖယ်ကာ မိမိတာဝန်ကို အလေးအနက် ဆောင်ရွက်ကြလျှင် ထိုသူတို့၏ဘဝမှာ သာယာစိုပြည်လာမည် မုချပါ။

အိမ်ထောင်ပြုကြသူတိုင်း စိတ်ကိုခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးမှ လက်ထပ်ပေါင်းသင်းကြ လျှင် ပြင်ပက ဘေးဆိုးကြီးများ မနှောင့်ယှက်ဘဲ မည်သည့်ပြဿနာမျိုးမျှ တွေ့ရမည် မထင်ပါ။ မိမိလက်ထပ်မည့်သူနှင့် မိမိသည် ကောင်းအတူ ဆိုးအမျှ ရာသက်ပန် ပေါင်း တော့မည်။ မိမိချွတ်ယွင်းချက်ရှိက ပြုပြင်ရန်နှင့် သူ့ချွတ်ယွင်းချက်ရှိပါကလည်း သည်းခံ ခွင့်လွှတ် ညှိနှိုင်းနေထိုင်ရန် လင်ကလည်း လင့်ဝတ္တရား ကျေပွန်စေပြီး မယားကလည်း မယားဝတ္တရားအတတ်နိုင်ဆုံး ဖြည့်စွမ်းနေနိုင်ကြပါက အိမ်ထောင်ရေးသုခ အများဆုံး ရကြမည်သာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

အိမ်ထောင်ရေးတွင် အနှောင့်အယှက်ပေးနိုင်ဆုံးသော အရာကား သံသယကိစ္စပင်ဖြစ်ပါသည်။ ထိုသံသယသည် နေရာတိုင်းတွင် ရှိနိုင်သည့်လူမှုရေးသံသယ၊ စီးပွားရေးသံသယ စသည်ဖြစ်၏။ လူမှုဆက်ဆံရေးတွင် လူမှုစည်းကမ်းဖောက်ဖျက်နေသလား၊ စီးပွားရေးတွင် သူ့ဘက် ကိုယ့်ဘက် တစ်ဖက်သတ် ပေးကမ်းနေသလား စသည့် သံသယများဖြစ်ပေါ်လာကြတိုင်း အငြင်းပွားမှု ဖြစ်နေတတ်လေသည်။

ဣဿာမစ္ဆရိယဆိုသည့် မနာလိုဝန်တိုစိတ်ကလည်း စီးပွားရေးသာမက အချစ်ရေး၊ ဆွေရေး မျိုးရေးပါ ဒုက္ခပေးတတ်ပါသည်။ အိမ်ထောင်ဖက်နှစ်ဦး တစ်ဦးအပေါ်တစ်ဦး ယစ္စာရှိကြမည်။ အမှန်တကယ် မဖောက်မပြန်နေထိုင်ကြလျှင် သံသယက ပျောက်ကွယ်သွားနိုင်ပါသည်။ ဣဿာမစ္ဆရိယ စိတ်များကိုလည်း ဗုဒ္ဓဘာသာပီပီ မိမိတို့ ကံဉာဏ်ဝီရိယဖြင့် တတ်အားသမျှ၊ ရှာဖွေသမျှနှင့် တင်းတိမ်ရောင့်ရဲကာ ချွေတာသုံးစွဲနေတတ်မှုဖြင့် ဖြေရှင်းနိုင်ပါသည်။

စိတ်ကောက်သည်၊ စိတ်ဆိုးသည်၊ စိတ်ညစ်၍ နေမကောင်းဖြစ်ကြခြင်းတို့သည် များစွာသောကိစ္စတို့၌ မိမိတို့ အလိုမပြည့်ကြခြင်းကြောင့် အလိုပြည့်ရာပြည့်ကြောင်းဆန္ဒပြနေခြင်းသာ ဖြစ်သည်ဆိုပါကလည်း မမှားနိုင်ပါချေ။

မည်သို့ပင်ဖြစ်စေ လူ့ဘောင်လောကကြီးတွင် လူအမျိုးမျိုး၊ မိဘသိုင်းအဝိုင်း အမျိုးမျိုး၊ ဉာဏ်ပညာအဆင့်အတန်းအမျိုးမျိုးရှိလေရကား လူ့ပြဿနာများကား လူ့လောကတည်ရှိနေသရွေ့ အနည်းနှင့်အများဆိုသလို ရှိနေဦးမည်မှန်ပါသည်။ သို့သော် သားသမီးတို့နှင့်တကွ လူ့လောကရှိ လူအများစုသာယာ ရွှင်လန်းစေရေးကို လိုလားသူတို့သည် ငယ်စဉ်ကတည်းက မိမိတို့သားသမီးကို တစ်ကိုယ်ကောင်းစိတ်မထား၊ ကိုယ်နှင့်ဆက်ဆံသူတို့အတွက် စိတ်ကောင်းထားရန် ပြုပြင်ပေးမှုကား လိုအပ်လှပေသည်။

စိတ်ဆိုသည်မှာ လိုရင်းသဘောကို ဖော်ပြရလျှင် မိမိခန္ဓာကိုယ်တွင်ရှိသော အသိတရား၊ သိတတ်သော သဘောတရားကို ဆိုလိုပါသည်။ မိဘတို့က စိတ်ကောင်းသဘောကောင်း မျိုးစေ့ကလေး ချပေးရုံနှင့် မပြီးသေးပါ။ မိမိတို့ကိုယ်တိုင် ထိုမျိုးစေ့ရှင်သန်ကြီးထွားလာစေရန် သူတော်ကောင်းနှင့်ပေါင်းသင်း၊ သူမိုက်ကို ရှောင်ခွာပြီး မြတ်စွာဘုရားဟောကြားတော်မူသော မင်္ဂလာတရားတော်အရ ကျင့်သုံးနေထိုင်တတ်ဖို့လည်း လိုသေးသည်။

ကမ္ဘာအရပ်ရပ်တွင် လူငယ်လူရွယ်များ စိတ်ကောင်းသဘောကောင်းထားရှိနိုင်အောင် ဆောင်ရွက်နေသော ဘာသာရေးအသင်းများ၊ လူမှုရေးအသင်းများ များစွာရှိပေသည်။ ယနေ့ လူငယ်တို့သည် မိမိတို့စိတ်ကို ကောင်းအောင်ပြုပြင်နေထိုင်ကြပါမူ

mgyoe.com

mgyoe.com
အိမ်ထောင်ပြုကြသည့်အချိန်တွင် သားသမီးများကိုလည်း ကောင်းစွာ ထိန်းသိမ်းပြုပြင်နိုင်လေမည်။ အိမ်ထောင်တိုင်းကပေါက်ဖွားသော လူငယ်များ စိတ်ဓာတ်ရင့်ကျက်လာသည်နှင့်အမျှ အိမ်ထောင်စုဝင်များလည်း စိတ်ချမ်းသာကြပေမည်။ စိတ်ဓာတ်ရင့်ကျက်သူများသော ဒေသတွင် အိမ်ထောင်ရေးသူတို့လည်း သာယာကာ လူတို့သည် နိုင်ငံအရေး ပြည်သူ့အကျိုးကို ကိုယ်ကျိုးမငဲ့ကွက်ဘဲ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါ၍ သိပ္ပံမဂ္ဂဇင်းမှတစ်ဆင့် အားလုံးအိမ်ထောင်ရှင်များ စိတ်ကောင်းမွေးမြူကြပါဟု ကြွေးကြော်လိုက်ရပါကြောင်း။ ။

၀

mgyoe.com

mgyoe.com

# တောက်ပြောင်ထက်မြက်နေရမည့် သစ္စာတရား

၂၅ နှစ်ကျော်ကာလက ကနေဒါနိုင်ငံသို့ လူမှုဝန်ထမ်းလုပ်ငန်းများလေ့လာရန် ကျွန်မသွားရောက်ခဲ့ပါသည်။ ဗင်ကူဗာမြို့တွင် လူမှုဝန်ထမ်းဌာနတွင်း လုပ်ငန်းခွင်သင်တန်းတက်ရောက်ရင်း လူမှုဝန်ထမ်းအရာရှိအမျိုးသမီးတစ်ဦးနှင့် ခင်မင်ရင်းနှီးခွင့်ရရှိခဲ့ပါသည်။ တနင်္ဂနွေနေ့တစ်နေ့တွင် သူက ကျွန်မအား နေ့လယ်စာ စားရန် သူ့အိမ်သို့ ဖိတ်ကြားပြီး ကျွန်မတည်းခိုရာသို့ ကားနှင့်လာရောက်ခေါ်ရှာပါသည်။

သူတို့အိမ်တွင် သူနှင့် ၁၃ နှစ်အရွယ် သားကလေး၊ ၁၀ နှစ်ရွယ်သား ကလေး ၂ ယောက်ရှိပါသည်။ စကားစမြည် အာလာပသလ္လာပ ပြောအပြီး နေ့လယ်စာ စားကြပါသည်။ ကျွန်မသည် သူများ၏အရေးအခင်းများကို စပ်စပ်စုစုမမေးတတ်ပါ။ သို့သော် အစားအသောက်ပွဲတွင် အိမ်ထောင်ဦးစီးဖခင်ကြီးနေရာမှာ ကုလားထိုင်သာရှိ၍ လူမလာတော့သောအခါ

"ကလေးတွေအဖေက ခရီးထွက်နေသလား" ဟု မေးမိပါသည်။ သူက ကျွန်မကို တရင်းတနှီး ရီဟု တစ်လုံးတည်းခေါ်ပါသည်။

"ရီ့ကို ကိုယ်တို့မိသားစုရဲ့ဘဝဖြစ်အင်ကို တစ်စွန်းတစ်စ သိစေချင်၊ မြင်စေချင်လို့ ဒီနေ့ တမင်ဖိတ်ခေါ်လာတာ။ တို့များ ဒီက စားသောက်ပြီးရင် ကလေးတွေအဖေဆီ သွားကြမယ်လေ"

mgyoe.com

"မာဂရက် ကိုယ့်ကိုခွင့်လွှတ်နော်၊ စားပွဲမှာ လူမစုံလို့ မေးမိတာ စိတ်မရှိနှင့်နော်"

"ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ပါဘူးကွယ်၊ ကိုယ့်ဘဝက မုဆိုးမလည်းမဟုတ်၊ တစ်လင်ကွာတစ်ခုလပ်လည်းမဟုတ်၊ ဇနီးတစ်ဦးလည်း မဟုတ်ပါဘူး"

ထို့နောက် လူမှုဝန်ထမ်းလုပ်ငန်းနှင့်ပတ်သက်၍ ရယ်စရာအဖြစ်အပျက်ကလေးများ ပြောပြီး စကားစဖြတ်လိုက်ကြပါသည်။ သူ့ခင်ပွန်းအကြောင်း ကျွန်မ ဆက်မမေးပါ။ စားသောက်ပြီးကြသောအခါ သူကိုယ်တိုင်ကားမောင်းပြီး သားကလေး ၂ ဦးကို နောက်တန်းမှာ ထိုင်စေကာ ကျွန်မအား သူနှင့်ယှဉ်ထိုင်စေလျက် မသန်စွမ်းဆေးရုံသို့ သူ မောင်းခဲ့ပါသည်။

ဆေးရုံကြီးက ခမ်းနားကြီးကျယ်မြင့်မားသလောက် ပတ်ဝန်းကျင်ကလည်း သာယာ စိမ်းစိုလှပပါပေသည်။ ဓာတ်လှေကားမှ အပေါ်ထပ်တစ်ခုသို့ ခေါ်ဆောင်သွားပြီး အခန်းတစ်ခန်းသို့ ဝင်ကြပါသည်။ မာဂရက်က ရှေ့ကသွားပြီး သူ့သားနှစ်ဦးက မိခင်နောက်က ထက်ကြပ်မကွာလိုက်ပါလျက် အခန်းတွင်း၌ ဖြူဖွေးသန့်စင်နေသော ခုတင်ပေါ်တွင် လူနာသည် လဲလျောင်းလျက် ကျွန်မက မာဂရက်နောက်မှ ခြေကိုဖွဖွနင်းကာ လိုက်ပါလာပါသည်။

မာဂရက်က လူနာကို ပြုံးရွှင်စွာငုံ့ကြည့်ပြီး သူ့နှုတ်ခမ်းနှင့် လူနာနှုတ်ခမ်းကို ဖွဖွကလေး ကြင်ကြင်နာနာ ဖိလိုက်ကာ ရီ၊ သူကိုယ့်ခင်ပွန်းလေ၊ ဆေးရုံမှာရောက်နေတာ ၂နှစ်ကျော်ခဲ့ပြီပေါ့"ဟုပြောကာ သူ့ခင်ပွန်းအားလည်း မိတ်ဆက်ပေးပါသည်။ ကျွန်မတို့ အပြုံးချင်းသာ ဖလှယ်နိုင်ခဲ့ပါသည်။ လူနာမှာ ပိုလီယိုရောဂါဝင်ပြီး ခြေလက်သေသွားရှာပြီး ယခုအဆုတ်တုနှင့် အသက်ရှူနေရရှာတော့သည်။ ခေါင်းပိုင်းကလေးသာ လှုပ်နိုင်သည်။ စကားပြော၍ အသံမထွက်ရှာပါ။

သားကလေးများက တယုတယဖခင်နှင့် ပါးချင်းအပ်ပြီး နမ်းရှုပ်ကြရှာသည်။ ဖခင်က ပြုံးလျက် ဖက်လဲတကင်းမလုပ်နိုင်ရှာ။ သြော် ... အဖြစ် ဆိုးပါဘိ။ မိသားစုသုံးယောက် ဖခင်အား ချစ်ခင်ယုယစွာ နဖူးကိုစမ်း၊ ဆံပင်ကိုသပ်ပြီး ခေတ္တကြည့်ပြန်ခဲ့ကြပါသည်။ ကားပေါ်ရောက်မှ မာဂရက်က "ရီ၊ မင်း ကိုယ့်ချစ်လင် တွေ့ခဲ့ပြီမဟုတ်လား။ ဖြစ်စကတော့လေ သူပြန်ကောင်းလာပါစေလို့ နေ့စဉ်လာပြီး အားပေးကုသပါတယ်။ ၂ လ လောက်ကြာတော့ တစ်ပတ် ၃ ကြိမ်ပဲ သူ့ကိုကြည့်နိုင်တော့တယ်။ ၆ လကြာတော့ တစ်ပတ်တစ်ခါသာ လာနိုင်တော့တယ်။ ခုတော့ အနည်းဆုံး တစ်လတစ်ကြိမ် သို့မဟုတ် ၂ ကြိမ်သာ ကြည့်နိုင်တော့တယ်ကွယ်"

"ကိုယ်စိတ်မကောင်းပါဘူးကွယ်။ သူ့ခမျာ ဘယ်လောက်များ ခံစားနေရရှာမလဲ

mgyoe.com

mgyone.com
နော်"

"မင်း ကိုယ်ချင်းစာတတ်တာ ကျေးဇူးတင်ပါတယ်။ လင်သား ယခုလိုဖြစ်လို့ ကိုယ့်မှာ နိုင်ငံတော်အစိုးရက ထိုက်သင့်တဲ့အထောက်အပံ့ရတယ်။ ဒါပေမဲ့ သား ကလေးနှစ်ယောက် ရှေ့ရေးအတွက် ရုန်းကန်ရတယ်ကွယ်။ ကိုယ်သူ့ကို လက်ထပ်စဉ်အချိန်ကထက် တစ်ရွေး သားမှ အချစ်မလျော့တဲ့အပြင် ကြင်နာသနားတာတွေ ပိုပိုသာလာပါတယ်။ မင်းယုံပါကွယ်။ ကိုယ်သူ့နေရာမှာ တစ်ယောက်ယောက် အစားထိုးဖို့ စိတ်တောင်မကူးဖူးပါဘူးကွယ်"

"မာဂရက် မင်းမျက်နှာ၊ မင်းရဲ့အမူအရာ၊ ဝတ်စားနေထိုင်ပုံနှင့် သားကလေးတွေ ယုယပုံကိုအကဲခတ်ပြီး မင်းပြောတာတွေ ကိုယ်ယုံပါတယ်ကွယ်။ ချီးကျူးပါတယ်။ ဝမ်းသာပါတယ်"

"ကိုယ့်ချစ်သူပီတာကိုလည်း ကြည့်ပါဦး။ သူ့ဆီကို လူမှုဝန်ထမ်းဌာနက ပါးစပ်လှုပ် တာဖတ်တတ်တဲ့စေတနာ့ဝန်ထမ်း အမျိုးသမီးကလေးတစ်ဦး တစ်ပတ်တစ်ကြိမ် လွှတ် ပေးတယ်။ သူက မဂ္ဂဇင်းတွေမှာ ထည့်ဖို့ ဆောင်းပါးကိုနှုတ်တိုက်ဖော်ပြတာပေါ့။ လူမှုဝန် ထမ်းဌာနကပဲ ပထမလက်ရေးတိုနဲ့ယူ၊ နောက်လက်နှိပ်စက်နဲ့ရိုက်ပြီး မဂ္ဂဇင်းတွေမှာ ထည့်ပေးပါတယ်။ ရတဲ့ညဏ်ပူဇော်ခကလေးတွေကို ကလေးတွေအတွက်နှင့် ကိုယ့် အတွက် မွေးနေ့လက်ဆောင်၊ ခရစ္စမတ်လက်ဆောင်၊ အိမ်ထောင်သက်နှစ်ပတ်လည် လက်ဆောင်ပို့ရှာတယ်"

"ကြားရတာ ကိုယ့်နှလုံးတုန်လှုပ်မိပါတယ် မာဂရက်ရယ်။ မင်းလို သစ္စာရှင်ဇနီး ကို သူတစ်နည်းနည်းနဲ့ ရုန်းကန်လှုပ်ရှားပြီး စေတနာမေတ္တာတုံ့ပြန်ရှာတာပေါ့နော်"

ကားမောင်းရင်း မာဂရက် မျက်ရည်သုတ်လိုက်သည်ကို ကျွန်မ မြင်မိပါသည်။

"သူ့အသက်ရှိနေတာကို သိရတာကိုက ကိုယ့်အဖို့အားပါကွယ်၊ သူ့ကိုယ်စား သား နှစ်ယောက်ကလွဲပြီး ချစ်ဖို့ရာ ကိုယ့်နှလုံးသားမှာ နေရာမရှိတော့ပါဘူး"

"မင်း ကံကောင်းပါစေကွယ်" ကျွန်မတို့ စကားပြောရင်း ကျွန်မ တည်းခိုရာ အိမ်သို့ ပြန်ရောက်လာခဲ့ပါသည်။

"ရီ၊ ညဥ့်အိပ်ရာထဲ ကိုယ့်အကြောင်း တွေးတွေးမနေဘဲ နှစ်နှစ်ခြိုက်ခြိုက် အနား ယူနော်။ အင်္ဂါနေ့ မင်းကို တခြားတစ်အိမ်ခေါ်သွားမယ်။ မနက် ၈ နာရီစောင့်နေ" သူက ပြောပြောဆိုဆို ကားစက်နှိုးသည်။ သားကလေးတွေကပါ နှုတ်ဆက်ပြီး ထွက် ကြလေတော့သည်။

သူက မစဉ်းစားပါနှင့် ဆိုသော်လည်း ပီတာ၏ သွယ်နွဲ့နွမ်းလျလျက် အားမာန် အပြည့်နှင့် သူ့မိသားစုအား ပီတိလွှမ်းသော အကြည့်နှင့်ကြည့်နေပုံကို ကျွန်မ မျက်စိ
mgyone.com

 mgyoe.com


အစုံမှ ထိုနေ့ညက အတော်ဖျောက်ဖျက်ယူရပါသည်။

အင်္ဂါနေ့ သူချိန်းသောအချိန်တွင် သူ့ဖောက်စ်ဝက်ဂွန် ကားကလေးနှင့် သူ ရောက်လာပါပြီ။ ကျွန်မ တည်းခိုရာနှင့် ၅ မိုင်ခန့်ကွာ မြို့၏ဆိတ်ငြိမ်ရပ်ကွက် သပ်ရပ်သန့်ပြန့်သော အိမ်ကလေးတစ်ဆောင်ရှေ့ မောင်းခဲ့ပါသည်။ စိမ်းလဲ့သော မြက်ခင်းပြင်ကို ဖြတ်လျက် ခင်းထားသော လူသွားလမ်းကလေးမှလျှောက်လာကာ အိမ်တံခါးမှ လူခေါ်ခေါင်းလောင်းခလုတ်ကိုနှိပ်လိုက်ပါသည်။

အမျိုးသားတစ်ယောက်၊ အရွယ်က လေးဆယ်ပတ်ဝန်းကျင်၊ ရုပ်ရည်သန့်သန့် တံခါးလာဖွင့်ပါသည်။

"ဟိုင်း မာဂရက်၊ ဒီနေ့ ခါတိုင်းထက် စောပါလား"

"ဒီမှာလေ မြန်မာပြည်က မိတ်ဆွေကိုလည်း မိတ်ဆက်ပေးရင်း စောစောလာခဲ့တာပါ။ ဖရန့်စစ်အခြေအနေက ဘယ်လိုလဲ၊ ဝင်ထိုင်ပါဦးလေ" ဟုဆိုကာ ကျွန်မကို သူ့ညာလက်ထိုးပေးပြီး အမည်ဖော်ပြကာ မိတ်ဆက်၍ ကျွန်မကလည်း ကျွန်မလာသည့် အကြောင်းရင်း၊ ကျွန်မနာမည်နှင့် နိုင်ငံပါ ဖော်ပြပြီး မိတ်ဆက်စကားတုံ့ပြန်လိုက်ပါသည်။

ဧည့်ခန်းတွင် ထိုင်မိကြရာမှ မာဂရက်ကစပြီး "ဖရန့်စစ်ဆိုတာ ဟောဒီက ဆမ်မြူရယ်(လ်)ရဲ့ချစ်ဇနီးပေါ့။ အိမ်ထောင်သက် ၁၀ နှစ်ရမှ ရောဂါရလာပြီး အိပ်ရာထဲမှာ လဲနေတယ်လေ။ ခု ရောဂါမရှိတော့ပေမဲ့လို့ ခါးအောက်က အောက်ပိုင်းသေနေရှာတယ်။ ဘီးတပ်ကုလားထိုင်နှင့် လျှောက်သွားနိုင်ဖို့ ခုကြိုးပမ်းဆဲပဲ။ ကိုယ်က အပတ်စဉ်လာကြည့်ပြီး အခြေအနေသက်ဆိုင်ရာတင်ပြ၊ လေ့ကျင့်ရေးလုပ်ဖို့၊ ဘီးတပ်ကုလားထိုင် အနံ့အပြားသွားနိုင်အောင် အိမ်ကိုပြင်ပေးဖို့၊ ကုလားထိုင်ရဖို့စသည်ကို ကူညီကြိုးပမ်းပေးနေဆဲပါပဲ"

"မာဂရက်လာတဲ့အခါ ဖရန့်စစ်က သိပ်အားတက်တာပဲ" ဟု ဆမ်မြူရယ်က ဝင်ပြောကာ "လာပါ၊ သူ့အိပ်ခန်းဝင်ပြီး အားပေးပါဦး" ဟု ဖိတ်ခေါ်၍ ကျွန်မတို့နှစ်ယောက် သူ့နောက်က လိုက်သွားကြပါသည်။

ဖရန့်စစ်ဆိုသူ အမျိုးသမီးမှာလည်း အသက်သုံးဆယ်ကျော်မျှသာရှိပေဦးမည်။ အိပ်ရာတွင်နေရလွန်းသဖြင့် လူက ဝသင့်သည်ထက် အနည်းငယ် ပိုဝနေသည်။ ရုပ်ရည်သန့်ပြန့်သူကလေးပါ။ ကျွန်မတို့ ဝင်သွားချိန်တွင် သူက ဖြီးလိမ်းသန့်စင်ပြီး၊ နံနက်စာစားပြီးဟု သိရပါသည်။

မာဂရက်ကို နှုတ်ဆက်ပြီး "ကျွန်မတော့ ဆမ်ကို သနားလှပါပြီ၊ မနက် အလုပ်မသွား

mgyoe.com

ခင် ကျွန်မကို သန့်ရှင်းစင်ကြယ်ပေး၊ အဝတ်အစားလဲပေး၊ ကော်ဖီဖျော် ပေါင်မုန့်ကင်နှင့် မအားရရှာပါဘူး၊ ရှစ်နာရီခွဲရင် အလုပ်သွားရရှာတော့မယ်"

"ဖရန်စစ်ကလည်း လူတိုင်းကို ဒီလိုပဲပြောနေတော့တာပဲခင်ဗျာ။ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ သားသမီးလည်းမရှိ၊ မိဘလည်း မရှိတော့ ကျွန်တော်ပဲ လုပ်ရတာပေါ့။ ချစ်သူအတွက် လုပ်ပေးရတာ ပင်ပန်းတယ်လို့ မအောက်မေ့ပါဘူး၊ ၉ နာရီဆိုရင် အကူကလေးမကလေးရောက်တော့မှာပါ" ဟု ဆမ်ကပြောသည်။

"မင်းဘီးတပ်ကုလားထိုင်ရတော့မှာပါ။ နောက်လဆို ကိုယ့်ဘာသာ မီးဖိုလည်းဝင်၊ ထမင်းစားပွဲနားလည်း သွားနိုင်တော့မှာပါ" မာဂရက် ဝင်ပြီး အားပေးပြန်သည်။

"ဆမ်က ကိုယ့်ဇနီးကို ချစ်ချစ်ခင်ခင် မငြီးမငြင်ပြုစုတာ ကျွန်မလည်း အားလုံးသော အမျိုးသမီးများ ကိုယ်စား ကျေးဇူးတင်ပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်" ဟု ကျွန်မက လှိုက်လှဲစွာပြောမိပါသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဟာ ရင့်ကျက်တဲ့အမျိုးသားတစ်ဦးပါ။ မိကောင်းဖခင် သားသမီးပီပီသသ ကျွန်တော့်ချစ်သူကို လက်ထပ်ယူတော့ ကျွန်တော်တို့ဘုန်းတော်ကြီးရှေ့မှာ "သူ့အား ဝတ္တရားကျေပွန်ပါမည်" လို့ ကျမ်းစာပေါ် လက်တင်ပြီး သစ္စာပြုထားသူပါ။ ယောကျ်ားတစ်ဦးရဲ့ တာဝန်ကို ရဲရဲဝံ့ဝံ့ ဘယ်အခြေအနေမျိုးမှာမဆို ထမ်းဆောင်နိုင်တာ ပြခွင့်ရလို့ ကျွန်တော်ဝမ်းသာမိပါတယ်" ဟု ဆမ်က ပြန်ပြောပါသည်။

ယခုတစ်ကြိမ် မျက်ရည်ကျသူကတော့ ဖရန်စစ်ပါ။ ကျွန်မက ဆမ်အား "ကမ္ဘာမှာ ဆမ်လိုအမျိုးသား ပေါများပါစေလို့ ကိုယ်ဆန္ဒပြုပါတယ်။ ယခုတစ်ကြိမ်လည်း ကျွန်မတို့အမျိုးသမီးထုကိုယ်စား ဆမ်လို ယောကျ်ားကောင်းပီသသူများကို ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုတောင်းပါတယ်" ဟုဆိုသောအခါ ဆမ်က "ယခုလို တစ်ဦးကိုတစ်ဦး နားလည်သူနှင့် တွေ့ရတာဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြန်ပြောပါသည်။

ထိုနေ့က အခြားသူတို့ကိုစွပြောအပြီး ကျွန်မတို့ လူမှုဝန်ထမ်းရုံးချုပ်ရှိရာသို့ ပြန်ခဲ့ကြပါတော့သည်။ သူတို့နှင့် ခွဲခွာခဲ့သည်မှာ နှစ်ပေါင်း ၃၀ နီးပါးရှိပါပြီ။သူတို့အကြောင်းကို ကျွန်မ ယခုအထိမမေ့ပါ။ သူတို့သည် ဗုဒ္ဓဘာသာ မဟုတ်သော်လည်း သီလ၊ သမာဓိ သစ္စာရှိသူများပါ။ လူသားအချင်းချင်းကိုလည်း မလိမ်၊ ဘုရားကိုလည်း လိမ်လည်မှုမပြု။ သူတို့နှလုံးသားနှင့်ဦးနှောက်အတွင်းမှာ သစ္စာအပြည့်၊ မေတ္တာအပြည့်။

အမျိုးသမီး အမျိုးသား အားလုံးမဟုတ်စေကာမူ အများစုသာ သူတို့လို သစ္စာ၊

mgyee.com

mgyoe.com

သမာဓိရှိပါမှ အဘယ်မျှကောင်းလေမည်နည်း။ သစ္စာဟူသော စကားသည် စာအုပ်စာပေအတွက်တွင်သာမက လူသားတို့၏နှလုံးသားတွင် အမြဲကိန်းအောင်းနေစေကာ တွေးတောကြံဆ ပြုမူသမျှ သစ္စာတရားက ဦးဆောင်နိုင်သည့်အချိန်ကား စိတ်ချမ်းသာမှုရရှိမည့်အချိန်ပါတည်း။ ။

ဝ

mgyoe.com

mgyoe.com

# ဘဝတည်ငြိမ်ရေး

ပြည်နယ်တစ်ခု၊ မြို့ကြီးတစ်မြို့က တူမလေးရဲ့အကြံတောင်းစာကို "လုံမလေး" မဂ္ဂဇင်းကတစ်ဆင့် ကြီးကြီးရခဲ့တာ လနဲ့ချီကြာခဲ့ပါပြီ။ ခုမှပဲ ပြန်ကြားရတာကို တူမလေးခွင့်လွှတ်ပါ။ တူမက စေတနာနှင့် "ကြီးကြီးရေ၊ တူမဘဝကို နမူနာပြပြီး အခြားအခြားအမျိုးသမီးကလေးတွေလည်း သင်ခန်းစာရလေအောင်ရေးပါ" လို့ မေတ္တာရပ်ခံတဲ့အတွက် ကြီးကြီးကလည်း ရေးအားရှိပါတယ်။

တူမလေးကို ရည်ညွှန်းတယ်ဆိုတာကို ယခုလို နိဒါန်းပျိုးရတာကတော့ လောကကြီးမှာ လူတွေဟာ အဖြစ်မျိုးစုံနဲ့ ရင်ဆိုင်နေရတာချည်းပေါ့။ အဲဒီအဖြစ်တွေကလည်း တစ်ဦးတစ်ဦး တူနေကြတာတွေ အများကြီးပါကွယ်။ ကိုယ့်မှာအဖြစ်ဆိုး တစ်ခုခုတွေ့ရရင် "သြော် ... ငါ ကံဆိုးလေခြင်း၊ ငါ့ကိုမှ ဒီလိုမကောင်းတဲ့အဖြစ်က ဖြစ်ရတယ်" လို့ ယူကျုံးမရ ရှိတတ်ကြတယ်။ ကြီးကြီးက ဖြစ်တတ်၊ ပျက်တတ်တဲ့ သဘောသိပါစေလို့ ဆောင်းပါးထဲမှာ ရေးထည့်လိုက်တဲ့အခါ "ကြီးကြီးက သမီးအကြောင်း ဘယ်လိုသိလဲ၊ သက်ဆိုင်သူတစ်ဦးဦးက ပြန်ပြောသလား၊ သမီးဖြစ်ရပ်တွေနှင့် ကြီးကြီးရေးထားတာတွေဟာ ထပ်တူထပ်မျှတူနေပါတယ်"လို့ မေးမြန်းသူတွေ မကြာခဏ ကြုံကြိုက်ရတယ်။ အမှန်တော့ ဘဝဇာတ်ခုံမှာဖြစ်ပျက်နေကြတာဟာ အားလုံးဆင်တူယိုးမှားချည်းပေါ့ကွယ်။

တူမလေးစာကို ကြီးကြီး သေသေချာချာဖတ်ရှုတော့ ပထမပိုင်းမှာ တူမလေးဟာ မသိ မလိမ္မာနှင့် အမျိုးသားတစ်ဦးကို ချစ်ခဲ့ဖူးသော်လည်း အဲဒီအမျိုးသားက ကိုယ့်အပေါ်

mgyoe.com

သစ္စာဖောက်ပြီး နောက်တစ်ယောက် လက်ထပ်လိုက်လို့ တူမလေးမှာ ယူကျုံးမရဖြစ်ခဲ့ပုံကို တွေ့ရှိရပါတယ်။ ဒီလို အပျိုဖော်ဝင်စအရွယ်၊ စိတ်ကစားတတ်တဲ့အရွယ်မှာ ဖြစ်ပျက်ခဲ့တာကတော့ တကယ်စိတ်ထဲမှာ မစွဲလောက်ပါဘူးကွယ်။ အချစ်ရေး၊ အိမ်ထောင်ရေးဆိုတာ အလေးအနက်မတွေးဘဲ နီးစပ်လို့ဖြစ်ကြ၊ ကွယ်မေ့ တွေ့သေအောင်လွမ်းဆိုသလို တစ်ဖက်က ယောကျ်ားကလေးကလည်း ရည်းစားထားဖူးပါတယ်ဆိုတဲ့ သဘော လက်တည့်စမ်းပြီး တစ်ဦးနှင့်တစ်ဦး နှစ်နှစ်ကာကာမရှိလို့ ကွဲရတာပေါ့။ အမှန်မှာ သမီးတို့မှာ မောင်နှမတွေကများ၊ မိခင်က မကျန်းမာ၊ ဖခင်ကလည်း စည်းကမ်းကြီးခဲ့တော့ သားသမီးတွေစိတ်မလေအောင် ကောင်းတဲ့၊ ပြုသင့်တဲ့ကိစ္စမှာ စိတ်ဝင်စားအောင် သွန်သင် ထိန်းကျောင်းမှု မပြုနိုင်ခဲ့လို့ပါ။ တူမလေးလို ပထမလူနှင့်ကွဲကြတဲ့ သာဓကတွေက အလွန့်အလွန် များပါတယ်။

ဒုတိယချစ်သူကတော့ လူယုတ်မာသက်သက်ပေါ့။ သမီးဟာ အမျိုးမျိုးစဉ်းစားပြီး၊ မိဘအသိပေးပြီးမှ လက်ခံခဲ့တယ်။ လူသိရှင်ကြားဆိုသလို ပွင့်ပွင့်လင်းလင်းဆက်ဆံခဲ့တယ်။ သူ့အလိုကို သမီးအစွမ်းကုန် လိုက်လျောပြီးမှ သူက နောက်ဆုတ်သွားတာတော့ ရိုင်းပျတာပေါ့။ ဒီလို လူမျိုးမှာ နှမချင်းစာနာစိတ် မေတ္တာစိတ်မူလကတည်းက မရှိလို့ပေါ့ ကွယ်။ သမီးကလည်း သူ့ ကိလေသာစိတ်နှင့် ချဉ်းကပ်လာတာကို မေတ္တာစစ်လို့ အထင်မှားမိရှာတာကိုး။ ဒါကလည်း မိသားစု နေထိုင်ရတာ သာယာမှုမရှိလို့ သမီးက ထွက်ပေါက်ရှာဆဲအချိန်မှာ မင်းသားခေါင်းဆောင်းလာတဲ့ ဘီလူးနဲ့ သမီးတွေ့ရတယ်လို့ ကြီးကြီးကောက်ချက်ချမိပါတယ်။

မဃဒေဝပျို့မှာ မန်လည်ဆရာတော်ဘုရားက "ယောကျ်ားဗာလ၊ လူ့ပါပနှင့် တွေ့ရကြုံရ၊ ပေါင်းဆုံရသော်၊ မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊ သွေဖောက်ပြား၍၊ တရားမစောင့် မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက၊ သက်ဆုံးတိုင်လစ်၊ ပြောရဖြစ်ရှင့်" လို့ ရေးသားတော်မူခဲ့တယ်။ တူမလေးမှာ အဲဒီလို လူ့ဗာလနှင့် သမီးရည်းစားဘဝက ကွဲခဲ့တာ ကံကောင်းတာပေါ့ အကြင်လင်မယားဖြစ်ပြီး သားတွဲလွဲ သမီးတွဲလွဲဘဝမှ ကွဲရမယ်ဆိုရင် တစ်သက်လုံးမှောက်တာပေါ့ကွယ်။ ဒါကြောင့် အဆိုးထဲက အကောင်းရှာယူပါ။

သမီးကလေးတွေ မှတ်ရမှာက ဘယ်ယောကျ်ားကိုမှ အချစ်ယုံပြီး မပုံဖို့ပါပဲ။ ယောကျ်ားတွေ ယုတ်မာပြီဆိုရင် မိန်းမလိုက်လို့မမီပါဘူးကွယ်။ ဒါကြောင့် ဆရာတော်ဘုရားဟာ မဃဒေဝပျို့မှာပဲ "လူ့ရှာဒွာန၊ လူ့လောကဦ၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ငြားဘူး၊ ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊

mgyoe.com

mgyoe.com
စောင့်စည်းမရှိ၊ မျိုးဣတ္ထိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်မမြတ်တည်း" လို့လည်းဖော်ပြတော်မူခဲ့တယ်။ ဒါကြောင့် လူတိုင်းကို အထင်ကြီးလို့ မဖြစ်ပါဘူး။ အမျိုးသမီးတစ်ဦးမှာ သူ့ပုဂ္ဂိုလ်ရေးသော်လည်းကောင်း၊ မိဘမျိုးရိုးမှာသော်လည်းကောင်း အပြစ်အနာဆာရှိ မရှိ ချစ်ရေးမဆိုခင်က စုံစမ်းပေါ့။ မဖြစ်နိုင်ဘူးထင်ရင် ချစ်ရေးမဆိုသင့်ပါဘူး။ ချစ်ရေးဆိုပြီး လက်ထပ်ယူပါ့မယ်လို့ ကတိပေးမိရင်လည်း ယောကျ်ားပီပီ ကတိတည်သင့်တာပေါ့။ ခုတော့ အဲဒီကိစ္စကို မဟောသဓာဇာတ်တော်ကြီးထဲက ဥဒုမ္ဗရဒေဝီနှင့် ပိင်္ဂုတ္တရလုလင်တို့ အဖြစ်မျိုးလို့သဘောထားလိုက်ပါ။ အတိုချုံးပြောရရင် ပိင်္ဂုတ္တရလုလင်ဟာ ဥဒုမ္ဗရဒေဝီလို မိန်းမမြတ်ကို ရပါလျက် ရေသဖန်းပင်ခွကြားတင်ထားပြီး ထွက်ပြေးသွားခဲ့တယ်လေ။ ဒါကြောင့် ဥဒုမ္ဗရဒေဝီကို ပြဟ္မဒတ်မင်းကြီးက ကောက်ယူမိဖုရားမြှောက်ခံရတယ်။

ဒါကြောင့် တူမလေးကို ကြီးကြီးပြောချင်တာက အတိတ်ကို အတိတ်မှာ ထားခဲ့ပါကွယ်။ ကိုယ်နှင့်စိတ်သဘောချင်း တိုက်ဆိုင်တဲ့အိမ်ထောင်ဖက်ကို ရွေးလို့ရနိုင်ပါတယ်။ အတိတ်ကိုပြန်ကြည့်ရင် အဖြစ်မှန်တွေ တွေ့ရတာပေါ့။ ပစ္စုပ္ပန်ဆိုတာကတော့ ပြဿနာတွေ ရင်ဆိုင်နေရမယ်လေ။ ဒါပေမဲ့ အနာဂတ်မှာတော့ ယုံကြည်မျှော်လင့်စရာတွေ အများကြီး ရှိပါတယ်ကွယ်။

သမီးဖော်ပြချက်အရ သမီးလက်ရှိ မိသားစုဘဝမှာ လူမှုရေးအရ ပျော်ရွှင်စရာထက် ရှုပ်ထွေးလာစရာတွေ ရှိပါတယ်။ အိမ်ထောင်သည် မောင်နှမတွေကြားမှာ သမီးဟာ အပျိုကြီးဘဝနှင့် တစ်ထီးတစ်နန်းနေဖို့ မကောင်းပါဘူး။ ခဲအိုတို့၊ မတ်တို့၊ ယောက်မတို့ဆိုတာ တစ်မိသားတစ်ဖသားတွေဆိုတော့ တစ်အိမ်တည်းနေတဲ့အခါ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခလုတ်တိုက်မိကြမှာပါ။ သမီးမှာလည်း အလုပ်အကိုင်နဲ့ ဘွဲ့နဲ့ဆိုတော့ အိမ်ထောင်ပြုပါ။ သမီးအခြေအနေက အိမ်ထောင်ပြုမှ ဘဝလုံခြုံရေးရလိမ့်မယ်လို့ ကြီးကြီး အတိအလင်း ဖြေဆိုရပါမယ်။ ဒါမှလည်း သမီးဘဝမှာ တည်ငြိမ်မှုရရှိနိုင်ပါလိမ့်မယ်။

အိမ်ထောင်ပြုတယ်ဆိုတာ မောင်လိုနှမလို ၅၂၈ သွယ် မေတ္တာနှင့် ချစ်ပါတယ်ဆိုလို့တော့ ဇနီးမောင်နှံဖြစ်မလာနိုင်ပေဘူး။ ကိလေသာစိတ်ကတော့ပါမယ်။ ကာမဂုဏ်အာရုံတွေကတော့ ပါမယ်။ ဒါပေမဲ့ မူလက သမစိတ္တမျှတသူ၊ ကိုယ်ချင်းစာတတ်သူ၊ စိတ်ကောင်း နှလုံးကောင်းရှိသူဟာ ကိလေသာစိတ်နဲ့ ခင်ပွန်းကိုရွေးချယ်သည့်တိုင် အင်အားကြီးမားတဲ့ မူလစိတ်ကောင်း စေတနာကောင်းတွေက ရှေ့ဆောင်ပြီးအိမ်ထောင်ရေးမှာ အဆင်ပြေနိုင်စရာ ရှိပါတယ်။ နောက်တစ်ချက်က လူနေမှုဘဝ၊ ကြီးပြင်းလာရတဲ့ ပတ်ဝန်းကျင်အခြေအနေချင်းကလည်း သိပ်မကွာလျှင် အိမ်ထောင်ရေးတည်မြဲနိုင်ပါတယ်။
mgyoe.com

mgyoe.com
စာရိတ္တကောင်းဖို့ကတော့ အဓိကပေါ့ကွယ်။

စိန်ကဲကျောက်ကဲ ခတ်ဖို့လွယ်သော်လည်း လူကဲခတ်ဖို့ မလွယ်ပါဘူး။ တချို့လူတွေက "ကြာကြာဝါးမှ ခါးမှန်းသိ" ဆိုတာလို အကြာကြီးပေါင်းကြည့်မှ အကြောင်းသိနိုင်ကြပါတယ်။ လောကနီတိမှာတော့ "ရေအတိမ်အနက်ကို ကြာရိုးကြာရွက်ဖြင့် ချင့်တွက်သိရှိနိုင်၏။ လူ့အယုတ်အမြတ်ကို ကိုယ်နှုတ်အမူအရာ အကဲခတ်၍ သိနိုင်၏။ ပညာရှိသည် မရှိသည်ကို ဆိုသည့်စကားဖြင့်သိနိုင်၏" လို့ ညွှန်ကြားထားတော့ တူမလေးလည်း အသက် ၃၀ ပတ်ဝန်းကျင်လောက် ရှိနိုင်ပြီမို့ ဒါတွေထည့်စဉ်းစား လူအကဲခတ်နိုင်တာပေါ့။

"လင်စံရွေး လင်ခွေးနှင့်ညား" ဆိုတဲ့စကားလည်း မမေ့အပ်ဘူးနော်။ အသက်မွေးဝမ်းကျောင်းတစ်ခုလည်းရှိ၊ လုံ့လဝီရိယလည်း ရှိ၊ အသက်အရွယ်ချင်းလည်း မကွာဟ၊ စာရိတ္တလည်းကောင်းရင်တော့ မငြင်းသင့်ပါဘူး။ ဒီနေရာမှာ မိဘလည်း ထည့်စဉ်းစားရမယ်လေ။ မျိုးစေ့ကောင်းမှလည်း သီးနှံကောင်းမယ်ဆိုတာလို လောဘ၊ ဒေါသ၊ မောဟကြီးပြီး အတ္တလွန်ကဲတဲ့ မိဘကပေါက်ဖွားလာတဲ့ သားသမီးဟာ မိဘဗီဇ စိတ်ဓာတ်အနည်းနှင့်အများပါလာတတ်သေးတယ်။ အသက် ၃၀ ထိ မိမိကိုယ်မိမိ အတတ်နိုင်ဆုံးထိန်းသိမ်းလာပြီးမှတော့ ကြီးကြီးတူမကလေး ကတိမ်းကပါးမဖြစ်စေချင်ပါဘူး။

ရှင်မဟာရဋ္ဌသာရရဲ့ ပါရမီတော်ခန်းပျို့မှာ ပုဏ္ဏားမကြီးက သူ့ခင်ပွန်းအကြောင်း ပြောတဲ့အခါမှာ "မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ မည်မှတ်လင်သာ၊ မဟုတ်စွာတည့်၊ လိမ္မာပဲ့ပြင်၊ သင်စပေသည်၊ ဆရာမည်၏။ လင်ရည်ကောင်းဘိ၊ ပညာရှိနှင့်၊ ပေါင်းမိတော်လှ၊ ရွှေထက်မြသို့၊ နှမအင်ဖြိုး၊ တင့်စနိုးရှင့်" လို့ သူ့ခင်ပွန်းဂုဏ်ပုဒ်ကို ထုတ်ဖော်ခဲ့သလို တူမလေးအိမ်ထောင်ပြုတဲ့အခါ ခင်ပွန်းသည်ဟာ အထက်ကလို ဂုဏ်ယူနိုင်လောက်သူဖြစ်မယ်ဆိုရင် အလွန်ကောင်းတာပေါ့။

တူမကြီးစာစုထဲမှာ ဖခင်ကြီးကို မခွဲရက်နိုင်သေးကြောင်း ပါလာတယ်။ အလွန်သာဓုခေါ်ထိုက်တဲ့ စိတ်ထားပါ။ အလွန်မွန်မြတ်ပါတယ်။ သို့သော် ဖခင်ကြီးမှာ အခြား အခြားသားသမီး မြေးတွေလည်းရှိတယ်၊ ပြီးတော့ သားသမီးတွေဟာ ဖခင်ကြီးနဲ့ အတူနေဆိုတော့ တူမလေးမရှိလည်း ကိုယ့်မွေးဖခင်ကို ဝိုင်းစောင့်ရှောက်မှာပေါ့ကွယ်။ စဉ်းစားရမှာက လူတိုင်းဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးတရားသုံးပါးကို ရင်ဆိုင်ရမှာမို့ အကယ်၍ ဖခင်များအနိစ္စရောက်သွားခဲ့သော် တူမဘဝ ဘယ်လိုနေမလဲ စဉ်းစားပါ။

နောက်တစ်ချက် တူမလေး နေ့စဉ်တွေ့နေရတဲ့ ပြဿနာတွေကို မိမိတစ်ယောက်တည်း ကြိတ်မှိတ်ခံနေရာကလည်း မမှန်ဘူး။ မိမိကို တစ်စုံတစ်ယောက်က စော်ကားမော်ကားလုပ်တယ်ဆိုရင် သက်ဆိုင်တဲ့လူတွေကို တိုင်ကြားဖြေရှင်းရမယ်။ မိမိဒုက္ခတွေကို
mgyoe.com

ဖခင်ကြီး အသိပေးရမယ်လေ။ ယခုလိုဆောင်ရွက်လို့ ဖခင်ကြီးက စိတ်ထိခိုက်မယ်လို့ ယုံကြည်ရင် ခင်ပွန်းကောင်းတစ်ယောက်ရွေးပြီး ခွဲထွက်လိုက်ပါ။ သမီးတစ်ယောက် ခင်ပွန်းကောင်းတစ်ယောက်နှင့် အိမ်ထောင်ကျတယ်ဆိုရင် မိခင်ဖခင်အတွက် တစ်အားပေါ့။ သူ့ခမျာ ဒီသမီးအတွက် စိတ်ချလက်ချရှိသွားနိုင်တာပေါ့။ အစကတော့ ကိုယ်နှင့်အမြဲ ဝတ်ကြီးဝတ်ငယ်ပြုစုနေတဲ့သမီးတစ်ယောက် ခွဲထွက်သွားမှာကို အားငယ်သလိုလို ရှိချင်ရှိနိုင်ပါတယ်။ သို့သော် ဘယ်မိဘမဆို သားသမီးဘဝအတွက် စိတ်ချလက်ချ ရှိရပြီဆိုရင် ဝမ်းမြောက်ဝမ်းသာ ရှိစမြဲပါကွယ်။

မြန်မာနိုင်ငံက တချို့မိဘတွေဟာ သားသမီးကို ဘယ်အရွယ်အထိဖြစ်ဖြစ် ရင်အုပ်မကွာနေလိုကြတဲ့ စိတ်ရှိကြတယ်။ ဒါထက် တစ်ဆင့်တက်ပြီး တချို့သားသမီးကို အလွန်အကျွံ ချုပ်ကိုင်တာကိုလည်း တွေ့ရဖူးပါတယ်။ အိမ်ထောင်ကွဲသွားပြီဆိုသော်လည်း သားချွေးမ၊ သမီးသမက်တွေဟာ သူတို့ဩဇာခံသာ ဖြစ်သင့်တယ်လို့ ယူဆတဲ့ မိဘလည်း ကြီးကြီးတွေ့ဖူးတယ်။ စီးပွားရေးမှာ ချုပ်ကိုင်လိုတဲ့ မိဘတွေလည်း ရှိကြသေးတာပဲ။ ဖြစ်သင့်တာက သားသမီးတွေ အချိန်တန်အရွယ်ရောက်တဲ့အခါ သင့်တော်သူနှင့်နေရာချပေး၊ သူတို့ဘာသာ သူတို့ လွတ်လွတ်လပ်လပ် အိမ်ထောင်ထိန်းသိမ်းခွင့်၊ သူတို့သားသမီး သူတို့ကြိုက်သလို မွေးမြူသင်ကြားပြုစုပျိုးထောင်ခွင့် ပေးလိုက်ဖို့ပါပဲ။ သားသမီးတွေက မိဘ အကူအညီလိုပါတယ်ဆိုရင်တော့လည်း အခြေအနေအရပေါ့ကွယ်။

သမီးဟာ ခင်ပွန်းကောင်းတစ်ဦးနှင့် အဖော်သဟဲပြုနိုင်ပြီး အခြေတကျနေနိုင်ပြီဆိုရင် ဖခင်ကြီးကို ခေါ်ယူပြီး သမီးစိတ်တိုင်းကျ ပြုစုနိုင်တာပေါ့။

ကဲ တူမလေးဟာ ကြီးကြီးဆောင်းပါးတွေကို အမြဲဖတ်သူဆိုတော့ "ဃရာဝါသကိစ္စမြားမြောင်" တဲ့ လူ့ဘောင်လောကကြီးအကြောင်း အထိုက်အလျောက် မှတ်သားစဉ်းစားတတ်သူဖြစ်မှာပဲလို့ ကြီးကြီးယုံကြည်ပါတယ်။ ကြီးကြီးစေတနာကတော့ လွတ်လပ်တဲ့မြန်မာနိုင်ငံက အရာရာကို လွတ်လပ်တဲ့ ဆုံးဖြတ်လုပ်ကိုင်နိုင်တဲ့ တူမလေးတွေဟာ မြန်မာအမျိုးသမီးဘဝကို ရပါလျက် ပေါ့ပေါ့တန်တန်နေပြီး ဘဝကိုဖြုန်းတီး မပစ်စေချင်ဘူး။ အတိတ်ဟာ အတိတ်မှာနေခဲ့ပါပြီ။ ကိုယ့်ဘဝကို ပြုပြင်နိုင်တဲ့အချိန်မှာ အတိတ်က အရိပ်တွေ ချေမှုန်းလိုက်ပါ။ တူမလေးကို အရှိအတိုင်း သဘောထား ကြီးကြီးနဲ့ လက်ခံမည့်သူ၊ ရိုးသားဖြောင့်မတ်စာရိတ္တကောင်းပြီး အသောက်အစား၊ လောင်းကစားကင်းသူ၊ ဘဝကို အတူတူ ရုန်းကန်နိုင်မည့်သူကိုတွေ့ရှိပြီး တည်ငြိမ်မယ့် ဘဝတစ်ခုကို ထူထောင်နိုင်ပါစေလို့ ကြီးကြီးဆန္ဒပြုလိုက်ပါတယ်။

○

mgyoe.com

mgyoe.com

# အိမ်ထောင်ပြုချင်လှသော လူပျိုကြီးများ

"ဟေ့ သူငယ်ချင်း၊ ငါ ဒီသီတင်းကျွတ်ရင် မိန်းမယူတော့မှာကွ "ဟု တစ်ယောက်က ပြောသောအခါ သူ့သူငယ်ချင်းက "ဟာ ဟုတ်လား ဘယ်လိုလဲကွ၊ မင်းက ဟိုတုန်းက တော့ ကိုယ့်ကိုယ်ကိုယ် အကျဉ်းမချပါဘူးကွာ၊ လူပျိုဘဝနှင့် လွတ်လွတ်လပ်လပ် ဘယ်လောက်ပျော်စရာကောင်းသလဲ၊ တစ်ယောက်မက တစ်ဒါဇင်လောက်နှင့် ပျော်ပျော် နွဲ့နေနိုင်တာပဲဆို"

"အို အဲဒါက အဲဒီအချိန်က တွက်ကိန်းကွ။ ခုအချိန်က အခုအသိ၊ အခုဆုံးဖြတ် ချက်လေ။ ငါတွင်မကဘူး ဟိုတို့ပျော်ဖက်ပါးဖက် နှစ်ယောက်၊ သုံးယောက်လောက် ဆင့်ကဲ ဆင့်ကဲ လက်ထပ်ကြတော့မှာကွ"

နားထောင်နေသော သူငယ်ချင်းက "အံ့သြသကွာ ငါ သိပ်ကို အံ့သြတယ်၊ မင်းတို့ ကောင်တွေ စိတ်ပြောင်းသွားရတဲ့အကြောင်းအရင်း ငါမသိရဘူးလား" ဟုမေးသောအခါ "ပြောရမှာပေါ့ကွာ၊ သူငယ်ချင်း မင်းအမျိုးသမီးတွေနဲ့ တစ်သီတင်း တစ်ယောက် စနေ၊ တနင်္ဂနွေ တစ်ရက်ရက်တွဲဖို့ဆိုတာ ဘယ်လောက်ကုန်ကျတယ်မှတ်သလဲ။ မင်းသိမှာ ပါ။ ရုပ်ရှင်ကြည့်ချင်တယ်ဆိုရင် အကောင်းဆုံးရုံက အကောင်းဆုံးအထက်တန်းက ပြရတယ်။ ရုပ်ရှင်ပြီးတော့ တစ်ခုခုစားရအောင်ဆိုပြန်ရော။ သူတို့ကြိုက်တဲ့ ဆိုင်၊ သူတို့ ကြိုက်တဲ့အစာကို ကျွေးရပြန်ရောကွာ။ အိမ်ပြန်ဖို့စောသေးတယ်၊ အငြိမ်းပြေ အင်းလျား၊ ကန်တော်ကြီး၊ မြိုင်ပဟေ့မှာ စသည်စသည်ပေါ့ သွားရော။ အအေးကလေးတိုက်ရ ပြန်

mgyoe.com

mgyee.com
ရော။ ပြီးတော့ ပြီးတော့ ပျော်ဖို့ပါးဖို့ ကလူကျီစယ်ဖို့တွေ ဘယ်လောက်ကုန်သလဲ မင်းသိမှာပါ။ ဒီတစ်ပတ်ဒီတစ်ကြိမ် တစ်လ ၄ ကြိမ်က ဘယ်လောက်ဘတ်ဂျက်ထိ သလဲ၊ လူဘယ်လောက် ပင်ပန်းသလဲ မင်းသိပါတယ်။ ခက်တာက အချိန်တန်အရွယ်ရောက်နေတော့လည်း ပျော်ပါးချင်တာပေါ့။ တစ်ယောက်တည်း သတ်သတ်မှတ်မှတ် ချိန်းပြန်ရင်လည်း ကိုယ့်လည်ပင်း ကွင်းတပ်သွားဦးမှာကွ။ ဒီတော့ သုံးယောက်လောက်နဲ့ တွဲပြန်တော့ ပိုကုန်တာပေါ့ကွာ။

"ခုလည်း မင်းလည်ပင်း မင်းဟာမင်း ကွင်းစွပ်တော့မှာ မဟုတ်လား" ဟု မေးသူက မေးသည်။

"အေး ရှင်းပြမယ်၊ ကိုယ့်ကို အတည်တကျလက်ထပ်ယူပါမယ်လို့ မပြောဘဲ အပျော်ချိန်းတာကိုလိုက်နေတဲ့ အမျိုးသမီးတွေတော့ကွာ နိမ္မာနရတိဘုံက ကျလာတဲ့ နတ်သမီးလိုလှပါစေ တစ်သက်လုံး လက်တွဲရမယ့်ဘဝကြင်ဖော်အဖြစ်တော့ ရွေးချယ်ဖို့ ဘယ်တော့မှ မစဉ်းစားဘူးကွာ။ မင်း ကိုယ့်လည်ပင်းကို ကွင်းစွပ်တော့မယ်လို့ ငါ့ကို ဆိုတယ်။ ဟုတ်တယ်။ ငါလက်ထပ်ဖို့ ဆုံးဖြတ်တာက (၁) ငါအလုပ်ကပြန်လာရင် နွေးနွေးထွေးထွေး စေတနာအပြည့်နဲ့ ငါ့ကိုကြိုဆို ယုယပြုစုမယ့်သူ ရချင်တယ်ကွာ၊ ငါအိမ်ရောက်ရင် ငါ့ကိုအပြုံးနှင့်ကြိုဆိုမယ့်သူ ရှိတယ်ဆိုတဲ့အသိနှင့် ငါကျေနပ်နှစ်သိမ့်နေချင်တယ်။ (၂) က ငါနှင့်ကောင်းတူဆိုးဖက် အေးအတူပူအမျှ အမြဲတိုင်ပင်လက်တွဲနိုင်တဲ့သူတစ်ဦးနှင့် နေချင်တယ်။ (၃) က ငါ့မျိုးဆက်ထားခဲ့ချင်တယ်။ ငါစုဆောင်းထားတဲ့ပစ္စည်း၊ ငါပေးနိုင်တဲ့ပညာအမွေ၊ စာရိတ္တအမွေကို ဆက်ခံမယ့်သားကောင်းသမီးကောင်းကလေးတွေ ရချင်တယ်ကွာ"

"တယ်ဆိုတဲ့ စာပါလား၊ ဒါက မင်းရဲ့စိတ်ကူးယဉ်စီမံကိန်းပါကွာ၊ တကယ်အကောင်အထည်ပေါ်ပါ့မလား။ မင်းမှာ သံယောဇဉ်နှောင်ကြိုးတွေ များသလောက် တာဝန်တွေလည်း တက်လာမှာပေါ့။ ခုလို ပျော်ပျော်ပါးပါးတစ်နေ့ကိစ္စ တစ်နေ့ပြီးတဲ့အခါ ဘာနှောင်ကြိုးမှ မရှိတာမကောင်းဘူးလား" ဟု သူငယ်ချင်းက စောဒကတက်သောအခါ

"မကောင်းဘူး သူငယ်ချင်း၊ ကောင်းကိုမကောင်းဘူး။ အများကြီး ဇာတ်ရှုပ်လာနိုင်တာ ငါတွေးမိတယ်။ မင်းသတင်းစာတွေထဲ ဖတ်မိမှာပေါ့။ အနောက်နိုင်ငံတွေမှာ ပညာတွေတော်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်သတင်းစာတွေထဲပါလာရင် မကောင်းတဲ့ဘက်က ဖော်ကောင်တွေ ပေါ်လာတာပဲ။ ဒီပုဂ္ဂိုလ်ဟာ ဘယ်သက္ကရာဇ်က ဘယ်သူ့ကို အပျော်မယားလုပ်ထားတဲ့သူပါ။ ရုံးခန်းမှာ သူဟာ ကျွန်မကို ချစ်ရေးဆိုပြီး ဖက်နမ်း
mgyee.com

ဖူးပါတယ် စသည်ဖြင့်ပေါ့ကွာ၊ ဒီလိုသတင်းတွေ ထွက်လာတဲ့အခါ အမှိုက်ကစ ပြာသာဒ်မီးလောင် သိက္ခာတွေချ၊ တချို့ရာထူးကတောင် ထွက်ပေးရသေးတယ်လေ"

"မင်းက ဒါလောက်ရာထူးကြီးကြီးရမယ့် ကောင်မို့ ကြောက်နေရတာလား" ကြားဝင်၍ နှိမ်လိုက်သည်။

"ဟာ ဘယ်ဟုတ်မှာလဲ။ လူဆိုတာ သူ့အဆင့်နဲ့ သူ့သိက္ခာဆိုတာ ရှိတယ်ကွ။ ငါတို့က အရွယ်မလွန်ခင် သိက္ခာကို တည်ဆောက်ရမယ်မဟုတ်လား။ ဘဝကို အလေးအနက်ထားပြီး တည်တည်တံ့တံ့ခိုင်ခိုင်မာမာ တည်ဆောက်ရမယ်ကွ။ အဲဒါ အဖော်ကောင်းလိုတယ်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တစ်ယောက်ပေါ်တစ်ယောက် လေးလေးစားစားသူယိုင်လျှင် ကိုယ်ထိန်း ကိုယ်ယိမ်းလျှင် သူမတ်ဆိုတဲ့ စကားလို အဖော်ကောင်းတွေ့တုန်း ငါလက်ထပ်မယ်ကွာ၊ အေး နောက်လက်ထပ်မယ့်အကြောင်းတစ်ချက်ရှိသေးတယ်။ ဒါက အရေးကြီးဆုံး၊ မင်းလည်း သိထားရမယ်ကွ"

"အမယ်လေး လာပြန်ချေသေး၊ ဓမ္မကထိကကြီးရဲ့ ဟောစမ်းပါဦး"

"အေး နားထောင်၊ ဒီလိုသွားနေရင် တို့ကြာရင် အိဒ်(စ်) ရောဂါပါ ရမယ်ကွ။ အဲဒါမှ ဆွေစဉ်မျိုးဆက် အညွန့်တုံးပြီး မင်းဘဝ မင်းဇနီးဘဝပါ ဆုံးရောမှတ်။ ဒီရောဂါက အကူးအစက် မြန်ပါဘိနှင့်"

"အေး အေး မင်းပြောသမျှအထဲ ငါ ဒါတစ်ခုတော့ ရာခိုင်နှုန်းပြည့် လက်ခံတယ်ကွာ၊ ငါလည်း ကြားဖူးနားဝ ရှိရုံမက တော်တော်ဗဟုသုတဆည်းပူးထားတယ်။ မင်းက သီတင်းကျွတ်လက်ထပ်မယ်ဆိုတော့ ခု မင်းဆေးစစ်၊ သွေးစစ်ပြီးပြီလား။ မင်းအမျိုးသမီးရော ဆေးစစ်ကွ၊ စစ်ဖို့လိုလိမ့်မယ်ကွ"

"ဟ မင်းက ဒီလိုတော့လည်း ဘယ်ဆိုးလို့တုံး၊ ငါ့အမျိုးသမီးက မိဘအုပ်ထိန်းမှုအောက်မှာ ဣန္ဒြေရရနေခဲ့သူလေးကွ၊ ဒါပေမဲ့ ဒီအိဒ်(စ်) AIDS ရောဂါက ယောကျ်ားနဲ့မိန်းမ ကာမရာဂစပ်ယှက်မှသာ ရတာမဟုတ်ဘူး။ နည်းအမျိုးမျိုးနဲ့ ကူးစက်နိုင်တယ်မဟုတ်လား။ တို့နှစ်ယောက် လက်ထပ်ဖို့ သဘောတူညီပြီးတာနဲ့ သူ့မိဘကို နားဖောက်တာပေါ့ကွာ၊ ဒီတော့ သူ့မိဘက ငါ့ကိုခေါ်တွေ့ပြီး အိဒ်(စ်) AIDS ပိုး ရှိ မရှိ စမ်းသပ်ပြီးမှ လက်ထပ်ဖို့ ဆုံးဖြတ်ပါလို့ ပြန်ကြားတယ်"

"ဒါ တရားပါတယ်ကွာ၊ မင်းက မနှစ်ကဆို တော်တော်အတွဲတွေ များခဲ့တာကိုး"

"မင်း သိပါတယ်ကွာ၊ ငါက အကာအကွယ်နှင့် ဆက်ဆံခဲ့တာပါ။ ဒီတော့ ငါက သိပ်သတ္တိရှိတာပေါ့။ စမ်းချင်တာစမ်းပါ ဦးနဲ့ဒေါ်ဒေါ်၊ ကျွန်တော် စမ်းသလို ဦးနှင့်ဒေါ်ဒေါ် သမီးလည်း ဆေးစစ်ရင်ကောင်းပါတယ်။ ကျွန်တော်ပြောတာ စိတ်မရှိပါနှင့်၊ အမျိုးသမီး

mgyoe.com

mgyoe.com
တစ်ယောက် အိမ်ထောင်သားမွေးမယ်ဆိုရင် နလုံးရောဂါ၊ အဆုတ်ရောဂါအစ ကင်းရှင်းမှကောင်းပါတယ်။ အားလုံးစမ်းသပ်ရင် နှစ်ဦးစလုံးအဖို့ စိတ်သန့်ရှင်းပြီး အိမ်ထောင်သက်တစ်ခုလုံး ပျော်ရွှင်ချမ်းသာရမှာပါ" လို့ ရှင်းပြတော့ အဘိုးကြီးက လက်ခံတယ်။ ခေတ်မီတယ်ဆိုတာ ဒါပေါ့ကွာ။ တို့နှစ်ယောက် ဆေးစစ်တာ တစ်လလုံးကြာတယ်ကွာ။ အေအိုင်ဒီအက်စ် အတွက်တော့ နှစ်ယောက်လုံးသွေးလှူတယ်။ သွေးလှူဘဏ်က အိဒ်(စ်)ရှိ မရှိ အကြောင်းပြန်တယ်။ ခြောက်လကြာတော့ တစ်ခါထပ်လှူတယ်။ အဲဒီလို နှစ်ခါလှူလို့ အိဒ်စ်မရှိဘူးဆိုမှ စိတ်ချရသတဲ့ကွ။ ကံကောင်းထောက်မလို့ တို့နှစ်ယောက်စလုံး အားလုံးကူးစက်တတ်သော ရောဂါဘယ အပေါင်းမှ ကင်းစင်ပါသတဲ့ဗျာ၊ ကဲ မင်းဘာပြောချင်သေးသလဲ"

"အေး ငါလည်း သဘောပေါက်ပါပြီကွာ။ အိမ်ထောင်ပြုတာဟာ ဘဝနှစ်ခုကို တစ်စုတည်းပေါင်းပြီး စိတ်ချမ်းသာမှု တိုးပွားမယ်။ ဟုတ်တယ် အပျော်အပါးအသောက်အစားနဲ့ အချိန်ဖြုန်းပြီး ငွေကုန်လူပန်း ရောဂါရမှာထက် နားနေလဲလျောင်း စိတ်ချမ်းသာတဲ့ အိမ်ထောင်ကလေးတည်ဆောက်ပြီး မယားလှလှကလေးက စားကောင်းသောက်ဖွယ်နှင့် ပြုစုတာခံမယ်၊ သားကောင်းသမီးကောင်းတွေ မွေးဖွားပြီး မျိုးဆက်တစ်ခု သိက္ခာရှိရှိတည်ဆောက်မယ်။ အဲဒါတွေ ရနိုင်ဖို့ ငါက ငွေစုရဦးမယ်"

"သူငယ်ချင်း၊ ငွေစုဖို့ လွယ်ပါတယ်ကွ။ ပထမအရက်ဖြတ်ကွာ၊ ဒုတိယ ဆေးလိပ်ဖြတ်ကွာ၊ သူငယ်ချင်းတွေခေါ်တိုင်း ဟိုတယ်တွေ စားသောက်ဆိုင်တွေ မလိုက်နဲ့ကွာ။ မင်းပန်းချီ ဝါသနာပါတယ် မဟုတ်လား၊ အားလပ်ချိန် ပန်းချီဆွဲ၊ နေ့တိုင်း ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုလုပ်။ မလွယ်ဘူးလို့မပြောနှင့်။ ဆေးလိပ် ခြောက်လိပ်သောက်ရာက ၃ လိပ်သာသောက်၊ အရက်နေ့စဉ်သောက်ရာက တစ်ပတ် ၃ ခါ သောက်၊ နောက်တစ်ခါပဲသောက်၊ နောက်ဖြတ်လိုက်။ ဆေးလိပ်လည်း အဲဒီလို မသိမသာ လျှော့လျှော့သွားတော့ ပြတ်ကရော၊ အတွဲနှင့် ရုပ်ရှင်ကြည့်တာလည်း ဖြတ်လိုက်ကွာ၊ ကဲသွားတော့ ငါ့မဟေသီလောင်းလျာက မျှော်ရှာရော့မယ်။ ငါသွားမယ်" ဟု ပြောပြောဆိုဆို လမ်းခွဲလိုက်ကြလေတော့၏။

ထိုသူငယ်ချင်းနှစ်ဦးဆွေးနွေးချက်ကို လူငယ်လူရွယ် သန်တုန်းမြန်တုန်း အမျိုးသား၊ အမျိုးသမီးများ အလေးအနက်ထား သုံးသပ်ဖို့ လိုအပ်နေချေပြီ။

မြတ်စွာဘုရားက လူငယ်လူရွယ်တွေ မိသားဖသားပီပီ အိမ်ထောင်ပြုခြင်းကို မကန့်ကွက်ပါ။ ကမ္ဘာကြီးသည် သက်ရှိသတ္တဝါများနှင့် တည်ဆောက်ထားရာ ထိုသက်ရှိသတ္တဝါများတွင် လူသည်ဦးနှောက်အကောင်းဆုံး၊ အတော်ဆုံး၊ အတတ်ဆုံးဖြစ်ပါသည်။
mgyoe.com

mgyoe.com

ယောက်ျားတိုင်းလည်း ဘုရားရဟန္တာဖြစ်နိုင်သည့် ပါရမီမရှိနိုင်သလို အမျိုးသမီးတိုင်းလည်း ထေရီဖြစ်နိုင်သည့် ကုသိုလ်ကံပါရမီ ပါမလာနိုင်ချေ။ အမျိုးသမီး အမျိုးသားများ တင့်တင့်တယ်တယ် လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုကြသည်ကို မြတ်စွာဘုရားကပင် မကန့်ကွက်ခဲ့ပါ။ မကန့်ကွက်ခဲ့ရုံသာမက သိင်္ဂါလောဝါဒသုတ်တွင် သိင်္ဂါလ သူဌေးသားအား မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ လင့်ဝတ္တရား၊ မယားဝတ္တရား ငါးပါး ငါးပါးစီ ပြဋ္ဌာန်းထားခဲ့ပါသည်။ သားသမီးဝတ္တရားတွင် ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍ စောင့်လေမျိုးနွယ် ဟုလာရှိရာ အိမ်ထောင်ပြုခြင်းသည် မျိုးနွယ်စောင့်စည်းခြင်းဖြစ်၏။ မျိုးဆက်ပျံ့ပွားတည်တံ့တိုးပွားရန် ရောဂါကင်းသော၊ စာရိတ္တကောင်းသော၊ အသက်မွေးတစ်ခုပညာကိုယ်စီပါသော အမျိုးသားများ ပျော်ပါးနေမည့် အစား အရွယ်ရောက်သည်နှင့် အိမ်ထောင်ပြုသင့်ကြသလို မိဘကလည်း သင့်တော်ရာ ရွေးချယ်ပြီးတည်တံ့ခိုင်မာ သာယာချမ်းမြေ့သော အိမ်ထောင်ချပေးခြင်းကို စီစဉ်သင့်လှပေ၏။ အိမ်ထောင်ပြုချင်ကြသော လူပျိုကြီးများ အဖော်ကောင်းတွေ့ကြပါစေ။

၀

mgyoe.com

mgyoe.com

## အပျိုကြီးမမတို့အတွက်

ကြီးကြီးရှင့်

သမီးဟာ ကြီးကြီးဆောင်းပါးဆို လက်မလွှတ်စမ်း ဖတ်နေသူပါ။ သိပ္ပံမဂ္ဂဇင်းမှာပါတဲ့ ကြီးကြီးရဲ့ လူမှုရေးဆောင်းပါးတွေဖတ်ပြီး သမီးမှာ တွေးစရာ၊ ဆွေးနွေးစရာကလေးတွေ ပေါ်ပေါက်နေပါတယ်။ ကြီးကြီးအားလပ်တဲ့အခါ အလျဉ်းသင့်သလို တူမအား ကူညီအကြံပေးပါရှင့်။

သမီး အသက် ၂၉ နှစ်ရှိပါပြီ။ အိမ်မှာ သမီးက အကြီးဆုံးဆိုတော့ အခြေခံပညာ အထက်တန်း ၁၀ တန်းကို ဘီအဆင့်က အောင်ပြီး မိဘကို ကူညီရပါတယ်။ သမီးရဲ့ညီမ အသက် ၂၆ နှစ်ရှိသူကလည်း အိမ်ထောင်နှင့်ကလေး နှစ်ယောက်ရပါပြီ။ မောင်လေး ၂၄ နှစ်ရှိသူက လွန်ခဲ့တဲ့နှစ်က လက်ထပ်ပြီး သားသမီးရအံ့ဆဲဆဲဆိုပါတော့။ မောင်လေးကတော့ ယောက္ခမ အိမ်မှာပါ။ ညီမလေးက သမီးတို့နှင့်အတူ နေပါတယ်။ ညီမတို့ဇနီးမောင်နှံနှစ်ဦးစလုံး အလုပ်ထွက်လုပ်နေကြတော့ သမီးတာဝန်က မိအိုဖအိုကို အလုပ်အကျွေးပြုရုံမျှမက တူမအကြီးလေးကို မူကြိုပို့ရ၊ အငယ်အခါလည်ကျော်ကျော် တူကလေးထိန်းကျောင်းရနှင့် အားလပ်ရတယ်မရှိပါဘူး။ စာတောင်မှပဲ တူကလေး အိပ်ပျော်နေတဲ့အချိန်နှင့် ညဥ့်ကို အိပ်ချိန်ထဲက တစ်နာရီ နှစ်နာရီထုတ်နုတ်ပြီး ဖတ်ရပါတယ်။ သမီးဘဝဟာ ဘာများအနှစ်သာရရှိသလဲလို့ ပြန်သုံးသပ်မိတဲ့အခါ မိဘ လုပ်ကျွေးရတဲ့ ကောင်းမှုကလွဲလို့ ဘာမှလူပီပီ မရွက်ဆောင်ရသေးပါလားလို့ အခါများစွာ စိတ်ပျက်မိပါတယ်။

mgyoe.com

 mgyoe.com 

ညီမနှင့် မောင်ကတော့ သူတို့ချစ်သူ သူတို့ရှာပြီး ဘဝကိုအခြေချဖို့ တာစူနေကြပါတယ်။ သမီးက ငြိမ်းပေါ့လေ။

သူငယ်ချင်းတွေက သမီးကို ဒီလိုပဲနေတော့မှာလား၊ ဝမ်းမနာ သားသမီး ထိန်းကျောင်းပြီး ဘဝနိဂုံးချုပ်တော့မှာလား။ ၂၀ ကျော်အစိတ်ပိုင်းတောင် စိတ်တိုင်းကျ မရနိုင်တော့ဘူးနော်။ ၃၀ များကျော်သွားရင်တော့ မုဆိုးဖို တစ်ခုလပ်နှင့် ဇာတ်လမ်းစနေရမှာလို့ ကျီစယ်သလိုလို၊ ခြောက်လှန့်သလိုလို သီတင်းကျွတ်တိုင်း အပြောအဆိုခံရပါတယ်။

သမီးရုပ်ရည်က ချောလွန်းလှလွန်းသူမဟုတ်ပါ။ ရွက်ကြမ်းရေကျိုဆိုသလိုပေါ့။ အရုပ်ဆိုးလို့ လင်မရတာပဲလို့တော့ အပြောမခံရပါဘူး။ သမီးကို လိုလားသူလည်းရှိပါတယ်။ မိဘကလည်း အိမ်ထောင်ပြုချင်ရင် ခွင့်ပြုမယ့်အနေအထားမှာ ရှိပါတယ်။ ဒါပေမဲ့လို့ သမီးစိတ်ကိုက ခုအသက်သုံးဆယ်အတွင်း ချဉ်းနင်းနေရသည်အထိ လင်ကုန်ရှုံးလို့ တစ်သက်လုံးမှောက်ဆိုတဲ့ ဘဝကိုလည်း မရောက်ချင်ပါ။ ဒါပေမဲ့ မိဘနှစ်ပါးကွယ်လွန်သွားရင် သမီးဘဝကို ဘယ်လိုတည်ဆောက်ရမလဲဆိုတာလည်း မတွေးဝံ့ပါ။ ကြီးကြီး၊ သမီးကို အပျိုကြီးမမပဲလုပ်သင့်သလား၊ အိမ်ထောင်ပြုသင့်သလားဆိုတာ ကူညီစဉ်းစားပေးစေလိုပါတယ်။

ဤကားစာရေးသူ၏ စာဖတ်ပရိသတ်မှတစ်ဦးသော တူမကလေး၏စာပါအကြောင်းအရာကို ဖော်ပြခြင်းဖြစ်ပါသည်။ တူမလေးကိုသော်လည်းကောင်း၊ တူမလေး ပတ်ဝန်းကျင်ကိုသော်လည်းကောင်း အနီးကပ်လေ့လာခွင့်မရရှိနိုင်၍ ယေဘုယျအားဖြင့် အိမ်ထောင်ပြုခြင်း၏ အကျိုးအပြစ်၊ အပျိုကြီးဘဝနေရခြင်း၏ အကျိုးအပြစ်ကိုသာ ဖော်ပြလိုက်ပါမည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် စာရေးလိုက်သောသမီးသာမက အခြားတစ်ပါးသော အပျိုကြီးသမီးများပါ လိုအပ်သည့်၊ အသုံးချနိုင်သည့် အကြံပေးချက်ဟူ၍သာ သဘောထားစေချင်ပါသည်။

ရှေးပညာရှိများက "ရူပ၊ ဘောဂ၊ ဆွေဉာပုတ္တ၊ သီလဟူငြား မိန်းမအား" ဟူ၍ သတ်မှတ်ခဲ့ပေသည်။ ရုပ်အဆင်းလှပခြင်း၊ ပစ္စည်းဥစ္စာပြည့်စုံခြင်း၊ ဆွေမျိုးဉာတိ မျိုးရိုးကောင်း ပြည့်စုံခြင်း၊ သားကောင်းသမီးကောင်း ဖွားမြင်နိုင်ခြင်း၊ ကိုယ်တိုင်က သီလရှိခြင်းစတဲ့ အင်္ဂါငါးရပ်ပြည့်စုံမှုဟာ အမျိုးသမီးတို့ 'အား' ဂုဏ်လို့ မှတ်ယူရပါမယ်။ ဖော်ပြခဲ့တဲ့ အားငါးပါးနဲ့ ပြည့်စုံတဲ့ အမျိုးသမီးဟာလင်ကောင်းတစ်ယောက်နဲ့ ထိမ်းမြားပြီးတဲ့အခါ အိမ်ကို ဩဇာတိက္ကမကြီးစွာနဲ့ အုပ်ချုပ်နိုင်မည်။ စည်းစိမ်ချမ်းသာ တိုးတက်မည်။ အထက်ပါ အင်္ဂါ ၅ ပါးမှာလည်း သီလဟူသော အင်္ဂါရပ်ဟာ လောကီ လောကုတ္တ

ရာ အကျိုးအတွက် အားအကြီးဆုံးဖြစ်သည်ဟုဆိုရကား အားပြည့်ဝဖို့ အိမ်ထောင်ပြု ကောင်းပါသည်။ အိမ်ထောင်မပြုဘဲ သားကောင်းရတနာ ဖွားမြင်ရန် မလွယ်သည်မှာ အထူးဖော်ပြရန်မလိုပါ။

စကြမင်းကြီး၏ သမီးပင်ဖြစ်လင့်ကစား လင်မဲ့ငြားက မတင့်တယ်၊ အကွပ်မရှိသည့် ကြမ်းလို အမျိုးသမီးများလင်မရှိလျှင် မတင့်တယ်ကြောင်း ရှေးက စာပေများတွင် တွေ့နိုင်ပေသည်။ မန်လည်ဆရာတော်ဘုရားကြီးကလည်း "မိန်းမတံတွာ၊ ဓမ္မတာလည်း၊ ကုမ္မာရီရွယ်၊ အငယ်ကာလ၊ မိဘစောင့်ရှောက်၊ ရွယ်ရောက်အိမ်ရှင်၊ ဖြစ်ခဲ့ကျင်သော်၊ လင်လျှင်မကင်း၊ စောင့်ကြလျဉ်း၏၊ အိုမင်းတုံငြား၊ သားတို့စောင့်ကြ၊ မိန်းမတို့ချည်း၊ ကိုယ်တည်းဘယ်ခါမတည်ရာဘူး" လို့ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ကိုယ်နှင့် သက်တူ ရွယ်တူ စိတ်ကောင်းသဘောကောင်း မေတ္တာစစ်နှင့် ချစ်သူတွေ့လျှင်တော့ အိမ်ထောင်ပြု သင့်ပါသည်။

လူ့ဘောင်ကိုရွံမုန်းပြီး သံသရာဝဋ်ကကျွတ်လွတ်အောင် သဒ္ဓါသန့်သန့်နှင့် တရား အားထုတ်တော့မယ်လို့ စိတ်ဆုံးဖြတ်ထားသူကိုတော့ အိမ်ထောင်ပြုပါဟု မတိုက်တွန်းလို ပါ။ အရွယ်လွန်မှဆိုသော် စဉ်းစားရပေမည်။ သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလင့်စေ ရ၊ အခါလင့်က၊ သင့်မရ၊ ယုတ်သောသူနှင့် ညားတတ်စွဟူ၍ ပညာရှိများက သတိပေးထား ရာ အသက်ကြီးကာမှ အိမ်ထောင်အပြုမှားခဲ့သော် 'လင်ဆိုးမယား တဖားဖားနှင့် သားဆိုး အမေ တပေပေ'ဟူသော အဖြစ်ရောက်မည်ကိုမူ ကြိုတင်စဉ်းစားရပါမည်။

ထိုက်ထိုက်တန်တန် အိမ်ဦးနတ်သဖွယ် အားကိုးရမည့် ယောကျ်ားမဟုတ်ပါဘဲကိုတော့ မိမိဘဝကို အဆုံးမခံစေလိုပါ။

အလျဉ်းသင့်၍ တရုတ်ပြည်က အပျိုကြီး လူပျိုကြီးများ ပြဿနာကို တင်ပြလိုပါသည်။ ဘေဂျင်းမြို့တွင်ပင် အသက် ၃၀ ပတ်ဝန်းကျင် အပျိုကြီး၊ လူပျိုကြီးပေါင်း ၁၅၆၀၀၀ ရှိ၏ဟုဆိုပါသည်။ အပျိုကြီးအများစုမှာ ပညာတတ်ဘွဲ့ရများနှင့် လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်သည်ဟု ဆိုပေသည်။ လူပျိုကြီးအများစုမှာ ပညာတတ်လူတန်းစား မဟုတ်သူ၊ လုပ်ငန်း ကျွမ်းကျင်သူ မဟုတ်သူ ကာယလုပ်သားများသာ ဖြစ်သည်ဟု ဆိုပေသည်။

လူမှုရေးပါရဂူများနှင့် စိတ်ပညာပါရဂူများက အပျိုကြီးများရခြင်းအကြောင်းကို လေ့လာကြသည့်အခါ ၁၉၅၀ ပြည့်နှစ်က ဘေဂျင်းတွင် ယောကျ်ားကလေး ၄၁၁၃၀ မွေးဖွားပြီး ၁၉၅၂ ခုနှစ် မွေးစာရင်းတွင် အမျိုးသမီး ၅၁၃၁၇ ယောက် မွေးဖွားကြောင်း တွေ့ရှိရသဖြင့် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုများနေ၍ ဖြစ်နိုင်သည်ဟူ သော အကြောင်းအချက်တွေ့ရှိရပေသည်။

 mgyoe.com 

အခြားအကြောင်းတစ်ချက်မှာ တရုတ်ပြည်မှ အမျိုးသားများသည် မိမိတို့ထက် ငယ်ရွယ်သော အမျိုးသမီးများကိုသာ လက်ထပ်ထိမ်းမြားလိုကြရကား ပညာတတ် အမျိုးသမီးများမှာ ပညာသင်ရင်း အသက်ကြီးသွား၍ အပျိုကြီးဖြစ်ကျန်ရစ်သည်ဟုလည်း ကောက်ချက်ချကြသည်။ ထို့ပြင် အမျိုးသားများက မိမိတို့ယူမည့် ဇနီးများကို ငယ်ငယ် ချောချောဖြစ်စေလိုသကဲ့သို့ အမျိုးသမီးများက မိမိတို့နှင့်တန်းတူသော်လည်းကောင်း၊ ပို၍သော်လည်းကောင်း ပညာတတ်သူ၊ ကျွမ်းကျင်သူများ ရွေးချယ်လိုကြသဖြင့် အကြိုက် မတွေ့နိုင်ကြ၍ တစ်ကိုယ်တည်းသမားများဖြစ်ရသည်ဟုလည်း ဆိုပေသည်။

တရုတ်ပြည်တွင် ယခုထက်တိုင် အောင်သွယ်စနစ်က ရှိနေပေသေးသည်။ အိမ်ထောင် ရေးပွဲစားများဟုလည်း ခေါ်နိုင်ပါသည်။ ဝူမ်စောင်မြို့မှ အောင်သွယ်တစ်ဦး၏ လေ့လာ ချက်အရ သူ့ထံချဉ်းကပ်လာသော အမျိုးသားများ အနက် ၅၄ ဒသမ ၂ ရာခိုင်နှုန်းက သူတို့ဇနီးဖြစ်ရန် ပညာတတ်ဖို့မလိုပါဟု ဆိုကြောင်းဖော်ပြပါသည်။ သူတို့နိုင်ငံတွင် လူပျိုကြီးဦးရေသည်လည်း မနည်းလှပါ။ ဟန်ဇောင်မြို့ ပြည်သူ့ကျန်းမာရေးဌာန တစ်ခု တည်းတွင်ပင် ၃၀ ကျော် လူပျိုကြီး ၃၅၀ ရှိသည်ဟုဆို၏။ အထက်ပါ အောင်သွယ်၏ ပြောပြချက်အရ ဘွဲ့ရလူငယ် ၁၆ ဦးက သူ့ထံဆက်သွယ်ရာတွင် ၁၆ ယောက်စလုံးက သူတို့နှင့်တန်းတူ ရည်တူ ပညာတတ် အမျိုးသမီးများ မလိုချင်ကြောင်း မှာကြားသည်ဟု သိရှိရပေသည်။

အသက်၃၁ နှစ်ရှိ ဆက်သွယ်ရေးဌာနမှ အရာရှိကလေးတစ်ဦးက "ကျွန်တော့်လုပ် ငန်း အောင်မြင်ကြီးပွားရေးအတွက် ကျွန်တော်က အိမ်မှုကိစ္စကျွမ်းကျင်တဲ့ ဇနီးသာ လိုပါ တယ်။ ဇနီးမောင်နှံနှစ်ယောက်စလုံးက လုပ်ငန်းအောင်မြင်ကြီးပွားဖို့ ကြိုးစားချင်နေရင် အိမ်ထောင်ရေးရော၊ လုပ်ငန်းအောင်မြင်မှုပါ ဆုံးရှုံးမှုအကြောင်း ပေါ်ပေါက်နိုင်ပါတယ်" ဟု ပြောပြကြောင်း လေ့လာရပေသည်။

အမျိုးသမီးအောင်သွယ်တစ်ဦး၏ အတွေ့အကြုံအရ "တချို့အမျိုးသားတွေကတော့ ဇနီးရွေးရာမှာ အချက်အပြုတ်တော်တဲ့ ဇနီးလည်းဖြစ်စေချင်တယ်၊ ချောချောလှလှ ငယ်ငယ် မှလည်း လိုချင်ကြတယ်" ဟု ဆိုပါသည်။ အများအားဖြင့် ခေတ်ပြောင်းတော်လှန်ရေးကြီး ဆင်နွှဲနေချိန် အမျိုးသမီးများ ပညာသင်ကြားနေကြ၊ လုပ်အားပေးနေကြနှင့် အိမ်မှုကိစ္စများ မိခင်ထံမှ လက်ပွန်းတတီးမသင်ရဘဲ အချိန်ကုန်လွန်ပြီး အရွယ်ကြီးလာသောအခါ အိမ်ထောင် ဖက် အရှာခက်ရသည်ဟုလည်း ဆိုပါသည်။

၃၀ ကျော် အပျိုကြီးတစ်ဦးကမူ ခုခေတ်မှာ ကျွန်မတို့လွတ်လွတ်လပ်လပ် လှုပ်ရှား လုပ်ကိုင်နေရတော့ ကျွန်မအဖို့ အားမလျှော့ပါဘူး။ တစ်နေ့ကျရင် ကိုယ်တကယ် ချစ်

mgyoe.com

mgyoe.com
နိုင်တဲ့လူ တွေ့မှာပေါ့လို့ဆိုသည်။ အခြား အသက် ၄၀ ရှိ အင်ဂျင်နီယာ အပျိုကြီးတစ်ဦးကမူ "အသက် ၄၀ အထိ ကိုယ့်မူနှင့် ကိုယ့်စိတ်ကြိုက်ရအောင် စောင့်လာခဲ့ပြီးမှတော့ တွေ့ရာလူကို မယူပါဘူးရှင်၊ သူချစ်ကိုယ်ချစ်တွေ့အောင် ဆက်စောင့်ဦးမှာပဲ" ဟု ပြောပါသည်။

အထက်ပါအကြောင်းအရာများကား ကျွန်မတို့ မြန်မာအမျိုးသမီးများ ထည့်သွင်းစဉ်းစားစရာ ဖော်ပြလိုက်ခြင်းပါ။ မိမိကိုယ်မိမိ ထိန်းသိမ်းမည်၊ တူတွေ မောင်တွေနှင့် နိုင်ငံအကျိုးရှိအောင် တစ်ခုခု ဆောင်ရွက်ပြီး အပျိုကြီးဘဝနှင့် လွတ်လပ်ပျော်ရွှင်စွာ နေတော့မည်ဆိုလျှင် ကန့်ကွက်စရာမရှိပါ။ သို့သော် အပျိုကြီးဖြစ်နေ၍ ဆွေမျိုးသားချင်း အိမ်မှာ လူပိုလိုမိုခိုနေရခြင်းကြောင့် စိတ်အားငယ်နေမည်ဖြစ်လျှင် မိမိကိုယ်ပိုင် အိုးအိမ် မိမိ ထူထောင်ပြီး အိမ်ထောင်သည်ဘဝ၏ သုခကို ရှာကြံနိုင်ပါသည်။

သို့သော် အိမ်ထောင်ပြုမည်ကြံလျှင် တစ်သက်လျှင် တစ်ကြိမ်သာ ပြုရသည့် အိမ်ထောင်ရေးဖြစ်ဖို့ အရေးကြီးပါသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မိန်းမတို့အား ငါးပါးတွင် သီလအားကိုပွားများအောင် အထူးဂရုစိုက်ရပေမည်။ အိမ်ထောင်ပြုမိ၍ ပစ္စက္ခဘဝမှာ လင်နှင့်သားနှင့်ကုသိုလ်တရား ပွားများပြီး နတ်ပြည်ရောက်နိုင်သလို အိမ်ထောင်ပြုမိ၍ မိမိဘဝသာမက လင်ယောကျ်ားသားသမီးဘဝပါ ပျက်စီးပြီး မိမိပါ အပါယ်လားနိုင်ပါသည်။ လင့်အပေါ်တာဝန်ကျေပွန်ရမည့်ဝတ်ငါးပါးကို ကျေပွန်ပြီး လင်ကိုချစ်ခင်လေးစား သစ္စာရှိရှိအလုပ်အကျွေးပြုသည့် ဇနီးသည်တစ်ဦး အနိစ္စရောက်လျှင် နတ်ပြည်သို့ရောက်နိုင်ကြောင်း ဗုဒ္ဓဘာသာတရားက ဆိုပါသည်။ သို့သော် လင့်အပေါ် သစ္စာဖောက်ပြီး ငါးရာငါးဆယ်ဇာတ်နိပါတ်တော်ထဲက ပုံတစ်ခုလို မယားနှင့်မတ်ပေါင်းပြီး လင်ကိုသတ်တဲ့အဖြစ်မျိုးဆိုလျှင်တော့ အပါယ်လားဖို့ သေချာပေသည်။

ဘာသာရေးအယူအဆကတော့ စပ်မိလို့ပြောရခြင်းပါ။ အမှန်မှာ အိမ်ထောင်ပြုခြင်းမှာ "မပူလိုလို့ ယောက်မရှာသည်" ဟူသော အဆိုရှိပါသည်။ စိတ်ချမ်းသာမှုရမှ ရပါမည်လားလို့ သံသယရှိနေလျှင်တော့ အိမ်ထောင် မပြုကြပါနှင့်။ "ကာကွယ်ရေးသည် ကုသရေးထက် အဓိကကျသည်" ဆိုသောစကားကို လူနေမှုဘဝတစ်ခုလုံး၏ ဆောင်ရွက်ဖွယ်ကိစ္စများအတွက် မူတစ်ခုပဲဟု မှတ်ယူပါ။ ကြီးကြီးတူမ အပျိုကြီးမမများကို အကြံပေးလိုက်ပါမည်။ "ပစ္စည်းဥစ္စာကို မက်မော၍တော့ အိမ်ထောင်ဖက် မရွေးပါနှင့်" "ဂုဏ် ပကာသနကိုလည်း ဦးစားပေးမရွေးပါနှင့်" "ကာမဆန္ဒတစ်ခုတည်း တပ်မက်၍ အိမ်ထောင်ဖက် မရှာပါနှင့်" ဤသုံးခုပဓာနထားလျှင်တော့ မှားတတ်သည်ကများပါသည်။
mgyoe.com

mgyoe.com

အမျိုးသမီးပင်ဖြစ်စေ၊ အမျိုးသားပင်ဖြစ်စေ (၁) မျိုးရိုးကောင်းဖို့ လိုပါသည်။ မျိုးရိုးဆိုသည်မှာ ဝန်ကြီး၊ မင်းကြီး၊ သူဌေးကြီးမျိုး မဆိုလိုပါ။ မျိုးရိုးမှာ မိဘက လောင်းကစား မူးယစ်သောက်စားတတ်လေသလား၊ ဝိသမလောဘနှင့်ဆင်းရဲသားနှိပ်စက်တတ်သူများ ဖြစ်လေသလော၊ အိမ်ထောင်ရေးတွင် ဖောက်ပြန်လော်မာတတ်သူများလား၊ စည်းကမ်း စာရိတ္တကို သီလနှင့်ထိန်းသိမ်းတတ်သူများလော စသောမူများနှင့် ချိန်ကိုက်ရွေးပါ။ "ဘမျိုးဘိုးတူ" ဟူသော စကားမှာ အတွေ့အကြုံသာမက သာဓကများ၍သာ ပေါ်ပေါက်လာရကား အမျိုးသားပင်ဖြစ်စေ၊ အမျိုးသမီးပင်ဖြစ်စေ သီလ၊ သစ္စာ၊ သမာဓိနှင့် ဘဝကို တန်ဖိုးထားတတ်သော မျိုးရိုးမှဆင်းသက်သူကို ဦးစားပေးရွေးချယ်သင့်ပါသည်။

(၂) ဒုတိယအချက်မှာ စွမ်းရည်သတ္တိရှိဖို့ လိုပါသည်။ အမျိုးသား၌ ထိုက်တန်သော အရည်အချင်းနှင့် အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်မည့်စွမ်းရည်၊ မိမိအိမ်ထောင်ရေး သားသမီးရေးကို မပြိုကွဲအောင် ထိန်းသိမ်းလမ်းပြ ဩဇာတိက္ကမ သုံးဝံ့သောသတ္တိရှိရမည် ဖြစ်သကဲ့သို့ပင် အမျိုးသမီးဘက်ကည်း ချက်မှုပြုတ်မှု၊ အိမ်သန့်ရှင်းမှု၊ သားသမီး သွန်သင်ဆုံးမမှု စသည့် ဝတ္တရားများဆောင်ရွက်နိုင်မည့် စွမ်းရည်ရှိရပေမည်။ ခင်ပွန်းလင် လမ်းမမှားအောင် ဆွဲဆောင်နိုင်သည့်သတ္တိလည်းလိုပါသည်။

(၃) နောက်ဆုံး လိုအပ်သည့်အရည်အချင်းမှာ "မိစ္ဆာမမှား" ဟူသော သိက္ခာပုဒ်ပင် ဖြစ်ပါသည်။ တင့်တင့်တယ်တယ် ထိမ်းမြားယူထားသော လင်သားဇနီးရှိလျက် သစ္စာဖောက်၍ နောက်တစ်ယောက်ရှာတတ်သည့်အလေ့များသည် အိမ်ထောင်ရေး၊ လူမှုရေးပျက်ပြားတတ်သဖြင့် ယင်းကိစ္စကို အလေးအနက်ထား စောင့်စည်းသူဖြစ်ရပေမည်။

တစ်ခါတစ်ရံ အနောက်နိုင်ငံစာနယ်ဇင်းများတွင် မည်သူနှင့်မည်သူလက်ထပ်သည်။ အမျိုးသမီးက တတိယအကြိမ်လက်ထပ်ခြင်း၊ အမျိုးသားက စတုတ္ထအကြိမ်လက်ထပ်ခြင်း စသည့် ဖော်ပြချက်များတွေ့ရတတ်သည်။ စာရေးသူအဖို့ မြန်မာ့ယဉ်ကျေးမှုနှင့် မဟပ်မိသော ထိုကိစ္စမျိုးကို မြန်မာ့လူမှုရေးနယ်ပယ်က အတုယူမှားမည်ကို စိုးရိမ်မိပါသည်။ မြန်မာ့အစဉ်အလာတွင် တစ်ပင်လဲမှ တစ်ပင်ထူဟူသော ဆိုရိုးသာရှိပါသည်။ မသေဘဲ မကွဲကွာစေလိုသော ဆန္ဒရှိကြ၍ "ရာသက်ပန်ရွယ်ကိုး၍ ရိုးမြေကျ ပေါင်းသင်း" ရေးသာ အားပေးခဲ့ကြသည်မဟုတ်ပါလော။ အိမ်ထောင်သာယာဖို့ နှစ်ဦးစလုံး သီလအားလိုပါသည်။ ဤမျှဆိုလျှင် သမီးအပျိုတို့ဘဝ နောင်ရေးတွေးခေါ် စဉ်းစားစရာအချက်များ ရရှိနိုင်ပါပြီ။ သားလူပျိုကြီးများလည်း မြန်မာ့ထုံးတမ်းစဉ်လာ အိမ်ထောင်ရေးနှင့် မြန်မာ့ဘိုးဘွားမိဘတို့ ဖြစ်စေလိုသည့် အိမ်ထောင်ရေးကို တွေးမိလောက်ပါပြီ။

mgyoe.com

mgyoe.com

စိတ်တိုင်းကျ မတွေ့သေးလျှင် တရုတ်ပြည်က အမျိုးသမီး အင်ဂျင်နီယာကြီး ပြောသလို နှစ်ပေါင်း ၃၀ အပျိုကြီးလုပ်လာပြီးမှ မစဉ်းစားတော့ အိမ်ထောင်ပြုရန် မလိုပါ။ စိတ်ကြိုက်မတွေ့သေးလျှင် စိတ်ရှည်ရှည်ရှာပေဦးပေါ့။ ၃၀ ကျော်မှ အိမ်ထောင်ပြု၍လည်း ငရဲမကြီးပါဘူးလို့ ကြီးကြီးက အဆိုပြုလိုက်ရပါတယ်။

○

mgyoe.com

mgyoe.com

# အကောင်းမြင်တတ်ပါစေ

ကြီးကြီးခင်ဗျား

ကြီးကြီးထံ လာရောက်ဆွေးနွေးသူတွေမှာ အများအားဖြင့် အမျိုးသမီးတွေပဲ တွေ့ရပါတယ်။ အမျိုးသားနှစ်ဦး သုံးဦးတိုင်ပင်ဆွေးနွေး အကြံဉာဏ်တောင်းထားတာကို တွေ့ရလို့ ကျွန်တော်လည်း အားတက်ပြီး ယခုစာရေးရပါတယ်။ အစက ကျွန်တော် အမျိုးမျိုး စဉ်းစားနေပါတယ်။ ကိုယ့်အိမ်တွင်းရေးကို ပြင်ပတစ်ဦးဦးထံ ဖွင့်ပြောလို့ ကောင်းပါ့မလား ဖွင့်ပြောလို့လည်း တိတိကျကျကူညီနိုင်ပါ့မလား။ မကူညီနိုင်ရင် လူသိတာသာအဖတ်တင်မယ်ပေါ့။ နောက်တစ်ချက်က ဖွင့်တိုင်ပင်မိတာနဲ့ပဲ အခြေအနေ ပိုဆိုးသွားမလားလို့ ကာလအတန်ကြာ နှောင့်နှေးသွားပါတယ်။ ယခုတော့ ရင်ထဲမှာ မျိုသိပ်ထားရတာဟာ ရောဂါတစ်မျိုးလို ခံစားနေရပါတယ်။ ကြီးကြီးအဖြေပေးရင် လည်း အမည်နာမ နေရပ်တွေ မထည့်တာတွေ့ရတော့ ကျွန်တော် ကြီးကြီးကို ဖွင့်ဟတိုင်ပင် တော့မယ်လို့ စိတ်ဆုံးဖြတ်ပြီး ရေးလိုက်ရတာပါ။

ကိစ္စကတော့ အိမ်ထောင်ရေးပေါ့ခင်ဗျာ။ ကိစ္စကို မဖော်ပြမီ ကျွန်တော်ဟာ ဘယ်လိုလူစားလဲဆိုတာ ဖော်ပြပါရစေ။ ကျွန်တော် အိမ်ထောင်ပြုတော့ အသက် ၂၈ နှစ် ရှိပါပြီ။ ဒီလောက်နောက်ကျကျ အိမ်ထောင်ပြုတာဟာ ကျွန်တော်ဟာ မိန်းမနှင့် ပွေ တတ်သူမဟုတ်လို့ပါပဲ။ ကျွန်တော်ဟာ ဘဝအတွက် အခိုင်အမာရည်မှန်းချက် ရှိပါ တယ်။ ပထမအသက်မွေးဝမ်းကျောင်းတစ်ခု ခိုင်ခိုင်မာမာရှိဖို့ တိုးတက်အောင်လည်း

mgyoe.com

mgyee.com
ရိုးသားစွာ၊ တာဝန်ကျေပွန်စွာ လုပ်ဆောင်ဖို့၊ အိမ်ထောင်ပြုပြန်လည်း သားသမီး ဘယ်နှယောက်ယူမယ်၊ သူတို့ကို ဘယ်လိုထိန်းကျောင်းပြုပြင်မယ်ဆိုတဲ့ စိတ်ကူးတွေ လည်းရှိခဲ့ပါတယ်။

အိမ်ထောင်ပြုမယ်ဆိုတဲ့အခါ ဘယ်လိုအမျိုးသမီးမျိုး ရွေးချယ်ရမယ်လို့လည်း စိတ်ကူးရှိခဲ့ပါတယ်။ ခက်တာက ကျွန်တော်က လက်တွေ့သမားပါ။ အပြောသမား လည်းမဟုတ်၊ ကျွန်တော့်အားနည်းချက်က တစ်ခါတစ်ရံ ပြောသင့်ပြောထိုက်တာ ကလေးတွေတောင် မပြောဖြစ်မိပါဘူး။ လောကွတ်စကား နောက်မှဖြစ်ဖြစ်၊ လူကြိုက် အောင် လူချစ်အောင် အပေါ်ယံအပြောမျိုးဆိုတောင် မကြားချင်တတ်ပါဘူး။ လုပ်သင့် လုပ်ထိုက်၊ ကူညီသင့် ကူညီထိုက်သမျှကိုတော့ ဖြစ်အောင်ဆောင်ရွက်တတ်ပါတယ်၊ စေတနာရှိပါတယ်။ ကျွန်တော်ဟာ လူသားတစ်ယောက်ရှိအပ်တဲ့ ဗြဟ္မစိုရ်တရားလေးပါး လည်း ထားရှိပါတယ်။ မင်္ဂလာတရားတော်အရ ရိုသေထိုက်သူကို ရိုသေပါတယ်။ အများ ကတော့ ကျွန်တော့်ကို ဘယ်လိုလူလို့ ကောက်ချက်ချမယ်ဆိုတာ ကျွန်တော်မပြောတတ် ပါဘူး။ ကျွန်တော်ကတော့ ဘယ်သူဘာပြောပြော၊ ဘယ်လိုပဲထင်ထင် မှန်ရာလုပ်မယ် ဆိုတဲ့သတ္တိရှိပါတယ်။

ကျွန်တော် အိမ်ထောင်ပြုလိုက်တော့ ကျွန်တော့်ရည်မှန်းချက်အတိုင်း မျိုးရိုး ကောင်း တယ်၊ ရုပ်ရည်အသင့်အတင့်၊ စီးပွားရေးအသင့်အတင့်၊ ရိုးသားဖြောင့်မတ်တယ်၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုပြုတယ်၊ အိမ်တွင်းမှုလုပ်တတ်ပါ တယ်။ ကျွန်တော် ကြုံမတွေးမိတာက လူတစ်ဦးမှာ ခန့်မှန်းနိုင်တဲ့ အရည်အချင်း ရှိ သလို မမျှော်မှန်းမိတဲ့ စိတ်ဓာတ်ရေးရာတွင်၊ အကျင့်စရိုက်ကလေးတွေရှိတယ်ဆိုတဲ့ ကိစ္စပါပဲ။

အိမ်ထောင်စပြုတဲ့နှစ်မှာပဲ ကျွန်တော် အရက်သောက်တဲ့ကိစ္စနှင့် အိမ်ထောင်ရေး ပဋိပက္ခဖြစ်ရပါတယ်။ အရက်သောက်တယ်ဆိုတာ အရက်စွဲနေတဲ့ အရက်သမားသောက် တာမျိုးမဟုတ်ပါဘူး၊ သူငယ်ချင်း မိတ်ဆွေတွေနှင့် စကားပြောကောင်းရုံမျှ သောက်ကြ တာပါ။ ပထမတစ်ကြိမ် သောက်မိတာနှင့်ပဲ စိတ်ကောက် စိတ်ဆိုးအော်ကြီးဟစ်ကျယ် မဆူပူပေမဲ့လို့ ငိုကြီးချက်မနဲ့ ကျွန်တော့်ကို ယူမိတာကိုပဲ မဟာအမှားကြီးတစ်ခု ကျူးလွန်မိသလို စွပ်စွဲလို့ တော်တော်ရှင်းရပါတယ်။ ကျွန်တော် အမျှားကြီး သည်းခံခဲ့ ပါတယ်။ လူမှုရေး၊ စီးပွားရေး၊ မိတ်မပျက် ဆွေမပျက် ပြုသင့်ပြုထိုက်တာ များစွာ ရှိလို့ တချို့ကိစ္စတွေ လိုက်လျောဖို့ တော်တော်စိတ်ရှည်ရှည်နားချခဲ့ရပါတယ်။ သည်လိုနှင့် သားကလေးတစ်ယောက် သမီးတစ်ယောက်ရခဲ့ပါတယ်။ ကျွန်တော့်အလုပ်က
mgyee.com

ခရီးရှည်ထွက်ပြီး အသက်နှင့်ရင်းနှီးလုပ်ရတဲ့အလုပ်ပါ။ ဒါလောက်ဆိုရင် ကြီးကြီးရိပ်စားမိမှာပါ။ ဒီလိုသွားရတဲ့အခါ နောက်ပိုင်းက အစစစိတ်ချရအောင်လည်း စီမံခဲ့ပါတယ်။ ကျွန်တော့်အမြင်နှင့်တော့ ကျွန်တော်က လင်ယောကျာ်းတစ်ဦးပြုရမယ့် တာဝန်ကို ကျေပွန်အောင် ပြုတတ်သူလို့ သတ်မှတ်ပါတယ်။

ကျွန်တော်အိမ်မှာ သုံးလ လေးလ နေရတဲ့အချိန်ရှိသလို အခန့်သင့်ရင် နှစ်နဲ့ချီပြီး နေရတတ်ပါတယ်။ ရက်ပိုင်းလောက် ခရီးထွက်ရတဲ့အခါမှာလည်း ရှိပါတယ်။ ကျွန်တော့်အိမ်ထောင်ရေးဟာ ရာခိုင်နှုန်းပြည့် ပျော်ရွှင်ချမ်းမြေ့နေတာ နည်းပါးလှပါတယ်။ ကျွန်တော့်အပေါ်မှာ ကျွန်တော့်ဇနီးဟာ တစ်ခုခုတော့ အမြဲစိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ အဲသည်လို ဖြစ်တဲ့အခါ ကျွန်တော့်အပေါ် သုန်သုန်မှုန်မှုန် လုပ်နေတတ်ပြီး တစ်ခါတစ်ရံ စကားပြောတာတောင် ပြန်ပြောဖော်မရဘူး။ မေးမြန်းပြီး ဖြေရှင်းရပေါင်းများလာတော့ ကျွန်တော်ဟာ သူ့ကိုအရှိအတိုင်း လက်ခံလိုက်ပါတယ်။ သုန်မှုန်နေလည်း မမေးတော့ဘဲ တခြားရှောင်ထွက်သွားလိုက်၊ ကလေးတွေနှင့်ကစားနေလိုက် သည်လိုပဲ နေခဲ့ရပါတယ်။ ရှာရတဲ့ ပိုက်ဆံကြေးငွေကို တစ်ပြားတစ်ချပ်မကျန် အပ်နှံပြီး လိုမှသူ့ဆီက ပြန်တောင်းသုံးပါတယ်။

ရှေးကထုံးတမ်း စည်းကမ်းအတိုင်း 'မထိမဲ့ကင်း အပ်နှင်းဥစ္စာ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်" ဆိုတဲ့ ဝတ်ငါးပါး ကျွန်တော် ဖြည့်စွမ်းပါတယ်။ ဒါပေမဲ့ သူဟာ ကျွန်တော့်အပေါ် အမြဲစွပ်စွဲတဲ့အချက်ကတော့ "သူ့ကို ဂရုစိုက်ဘူး" တဲ့ခင်ဗျာ။ ကျွန်တော် အိမ်မှာ ရှိနေတဲ့အချိန် သူလိုအပ်တာအားလုံး ဖြည့်စွမ်းပေးပါတယ်။ ကျွန်တော် မရှိချိန်မှာလည်း သူ့ဘဝလုံခြုံရေးအတွက် ပြည့်စုံအောင်စီမံပေးခဲ့ပါတယ်။ ကျွန်တော့် ချွတ်ယွင်းချက်ကတော့ သူ့ကို စိန်အပြည့် ရွှေအပြည့်နှင့် ကိုယ်ပိုင်မော်တော်ကားနဲ့တော့ မထားနိုင်ပါဘူး။ ခေတ်အလိုက် စားဝတ်နေရေး ပြည့်စုံအောင်တော့ ရှာပေးပါတယ်။

သည်လိုနေရာက သူ့မှာ ရောဂါစွဲလာပါတယ်။ အားနည်းတာ၊ အစာမကြေတာ၊ ဝမ်းဖောက်ပြန်တာ စသည်ဖြင့်ပေါ့။ မတ်တတ်နာပါခင်ဗျာ။ အိမ်မှုကိစ္စကတော့ တော်တော်တန်တန်လုပ်နိုင်ပါတယ်။ သူကတော့ နေကောင်းတယ်လို့ကို မရှိပါဘူး။ တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး၊ စိတ်ရောဂါကုဆေး အစုံကုစားပါတယ်။ ခြေစောင့်လက်စောင့် သာမှုနာမှုအတွက်ထားရှိတဲ့ စုဆောင်းငွေလည်း ကုန်သလောက်ပါပဲ။ ဒါပေမဲ့ လို့ ပျောက်ကင်းမှု မရှိပါဘူး။ ကျွန်တော့်မှာ လုပ်ငန်းတာဝန်တွေကများ၊ ဇနီးက နေမကောင်း၊ အိမ်နေရတဲ့ရက်က နည်းတော့ ကျွန်တော်စိတ်ဆင်းရဲရပါတယ်။ သူလည်း စိတ်ဆင်းရဲမှာပေါ့။

သူက စိတ်ဆင်းရဲပြီး သူ့ရောဂါကို ကျွန်တော်က ပေါ့ပေါ့တန်တန်သဘောထားမြင်ပြီး

mgyoe.com

လုံး၀ဂရုမစိုက်ခဲ့လို့ သူ ဒီလိုခံစားနေရတယ်လို့ စွဲချက်တင်ပြီး ကျွန်တော်နှင့်လမ်းခွဲချင်သလို ဖြစ်နေပါတယ်။

ကျွန်တော်ဟာ အိမ်ထောင်ရေးကို လိင်ကိစ္စတစ်ခုတည်းနဲ့ ဆုံးဖြတ်ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ မျိုးဆက်ပြန့်ပွားရေး၊ ဘ၀မှာလက်တွဲရုန်းကန်ဖို့ အဖော်ဖြစ်ရေးအတွက်ပါ။ အတူရုန်းကန်တယ်ဆိုတာ ဆိုးတူ ကောင်းမျှ သစ္စာရှိတဲ့ ကြင်ဖော်ကြင်ဖက်ပမာ ဘ၀မှာဆောင်ရွက်စရာရှိရင် တစ်ဦးအတွက်တစ်ဦးက အားဖြည့်ပေးကြဖို့ပါ။ ကျွန်တော်က သူ့အားနည်းချက်ရှိပေမဲ့ သူဟာ ရာသက်ပန် ပေါင်းသွားနိုင်တဲ့ဇနီးလို့ မှတ်ယူထားပါတယ်။ လမ်းခွဲဖို့ မစဉ်းစားမိပါဘူး။ သူ့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေကို သူက ဖွင့်ပြောလို့ ကျွန်တော်တစ်ဆင့်သိရတာပါ။ သူတို့က မလိုမုန်းထားလို့ပြောတာ မဟုတ်ပါဘူး။ "ရှင့် မယားကို ဂရုစိုက်ဦး။ ရှင့်ကို စိတ်ပျက်သွားလို့ အိမ်ထောင် ဖရိုဖရဲ ဖြစ်သွားရင် ကလေးတွေ ဒုက္ခ" ဆိုတဲ့သတိပေးစကားလောက်ပါ။ ကျွန်တော်က ကျွန်တော့်အလုပ်က တာ၀န်ကြီးတော့ တာ၀န်ဘက်ကို အရေးပေးရပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ မိန်းမယူပြီး မေ့ထားတတ်တဲ့လူတော့ မဟုတ်ပါဘူးလို့ပဲ ဖြေမိပါတယ်။

ကျွန်တော့်မိဘက သားသမီးများပါတယ်။ ကျွန်တော်တို့ စားရေးနေရေး၊ ပညာရေး မိဘနှစ်ဦးစလုံး အလုပ်လုပ်ကြရပါတယ်။ ဒီတော့ သားသမီးတွေကို ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းကျောင်းနိုင်အောင် သင်ကြားလေ့ကျင့်ပေးခဲ့ တော့ ကျွန်တော်တို့မောင်နှမတွေဟာ တစ်ဦးက တစ်ဦးအပေါ် တာ၀န်ပိုအောင် ဒုက္ခမများစေဖို့အတွက် ကိုယ့်ဘ၀ကိုယ် ထိန်းကျောင်းနိုင်မှု အလေ့အကျင့်ရလာပါတယ်။ တကယ်အရေးရှိရင် ကူညီတတ်ကြပေမဲ့ လောကွတ်နည်းတယ်လို့ ဆိုရပါမယ်။ ကျွန်တော့် စရိုက်ကလည်း ရုပ်ရှင်ဇာတ်ကားနှင့် ၀တ္ထုတွေထဲကလို ကနွဲ့ကလျ ယုယပိုက်ထွေး မလုပ်တတ်တာတော့ ကျွန်တော့်အားနည်းချက်ပါ။

ကြီးကြီးကို အကြံဉာဏ်တောင်းချင်တာကတော့ ကျွန်တော်တို့မိသားစု သိုက်သိုက်၀န်း၀န်း စည်းစည်းလုံးလုံးရှိအောင် ရှေ့ဘာများ ဆက်လုပ်ရမလဲဆိုတဲ့ ကိစ္စပါပဲ။

တူမောင်တစ်ဦးက အထက်ပါအတိုင်း တင်ပြလာပါတယ်။ အထက်ပါကိစ္စမျိုးက မဆန်းပါဘူး။ ဒီကိစ္စမျိုး အလွန်များပါတယ်။ ဇနီးအမျိုးသမီးတစ်ဦးဟာ ကိုယ့်အိမ်တွင်းက ကိုယ့်အရေးတွေချည်း တွေးတောသုံးသပ်နေဖို့ထက် အခြားအခြားဇနီးမောင်နှံတွေဘ၀ကို ခပ်များများလေ့လာဖို့ လိုအပ်ပါတယ်။ ဇနီးအတွက် အချိန်ပေးနိုင်တဲ့ ခင်ပွန်းရှိသလို တာ၀န်ပိလို့ ဇနီးက သူ့ဘာသာရုန်းကန်ရတဲ့ အိမ်ထောင်တွေလည်း ရှိပါတယ်။ ခင်ပွန်းကို ဇနီးက "သားကို သခင် လင်ကို ဘုရား"လို့သဘောထားပြီး

mgyne.com

 mgyoe.com 

ပြုစုနိုင်တဲ့ ဖနီးရှိသလို တစ်ဖက်က ဝင်ငွေဖြည့်စွက်ဖို့ အလုပ်ထွက်လုပ်ရတဲ့အတွက် လင်ကျေနပ်လောက်အောင် နှစ်သိမ့်မှုမပေးနိုင်တဲ့ အိမ်ထောင်တွေလည်း ရှိပါတယ်။ အမျိုးသားတွေဟာ တစ်ခါတစ်ရံ "ကျွန်တော့်အမျိုးသမီးကတော့ လင်ကို ဘေးချိတ်ထားပြီး သူ့အလုပ်လောက်ဂရုစိုက်နေတာပါ" လို့ မကျေမနပ်တိုင်ကြားသူတွေ ရှိသလို "ကျွန်မ အမျိုးသားလား။ မပြောချင်ပါဘူး၊ မယားဘာဖြစ်နေသလဲဆိုတာတောင် ဘယ်တော့မှ မစဉ်းစားဘူးထင်ပါရဲ့။ တစ်အိမ်လုံးအတွက် ကျွန်မကသာ ကျုံးရုန်းလုပ်နေရတာပါ"လို့ ဝမ်းနည်းစကားဆိုသူတွေလည်း တော်တော်များများကြားရပါတယ်။

နှစ်ဦးစလုံး ချစ်လှပါတယ်၊ ကြိုက်လှပါတယ်ဆိုပြီး မိဘထံက ခွဲထွက်ပြီး ဘဝသစ်ထူထောင်ကြတဲ့အခါ အရေးကြီးဆုံးက တစ်ယောက်အပေါ်တစ်ယောက် သစ္စာရှိရှိနှင့် အေးအတူ ပူအမျှ ရိုးမြေကျပေါင်းကြတော့မယ်ဆိုတဲ့ အဓိဋ္ဌာန်ရှိကြဖို့ပါပဲ။

တစ်မိသားနှင့်တစ်မိသား နှစ်ဦးပေါင်းစပ်နေတဲ့အခါ အားနည်းချက်၊ အားသာ ချက်တွေ့ရမှာ မုချပါ။ ဒါတွေကို အေးအေးဆေးဆေး ညှိနှိုင်းပြီး ခိုင်ခိုင်မြဲမြဲ လက်တွဲမဖြုတ်ကြဖို့လည်း သတိထားရပါမယ်။ ကိုယ့်မျိုးဆက် ရှင်သန်နေအောင် သားသမီးတွေအတွက် စံပြမိဘဖြစ်ဖို့ ကြိုးပမ်းကြရမယ်လေ။

အဲသည်လို ခိုင်မြဲအောင် အကောင်းမြင်ဝါဒ လက်ကိုင်ထားကြဖို့လိုပါတယ်။ လူတစ်ယောက်ကို စိတ်ဆိုးစရာ၊ မုန်းတီးစရာတွေသာရှာပြီး မုန်းတီးရှုရှာတော့မယ်ဆိုရင် အပြစ်အနာအဆာတွေ အများကြီးတွေ့မှာပေါ့။ များစွာသော ပုဂ္ဂိုလ်တွေဟာ တစ်စုံတစ်ယောက်အဆင်မပြေဖြစ်လာရင် ဒါ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်၊ သူပေါ့လို့၊ သူဂရုမစိုက်လို့ စသည်ဖြင့် ပတ်ဝန်းကျင်ကိုအပြစ်ရှာတတ်ကြပါတယ်။

လူလူချင်းလည်း အမုန်းကိုပယ်ပြီး ချစ်စရာကလေးတွေ၊ ကောင်းတာကလေးတွေ၊ ဘဝတစ်လျှောက် တစ်ဦးပေါ်တစ်ဦး ပြုစုခဲ့တာတွေ ဆောင်ရွက်ပေးခဲ့တာတွေ တစ်ခုပြီး တစ်ခု စဉ်းစားကြည့်၊ ရေတွက်ကြည့်လိုက်ရင် မုန်းစရာ၊ ဒေါသဖြစ်စရာ အလိုလိုပြေပျောက်သွားမှာပါ။

တူ တူမတွေသိကြဖို့က လူလူချင်းမုန်းဖို့ လွယ်တယ်၊ အပြစ်ယူဖို့လည်း လွယ်တယ်၊ လက်စားချေဖို့လည်း လွယ်တယ်။ အဲသည်လို မစဉ်းစား မဆင်ခြင် တရားလက်လွတ်ပြုမိပြီး ဖြစ်ပေါ်လာမည့် ဆိုးကျိုးတွေကို ပပျောက်အောင် လုပ်ဖို့က မလွယ်ပါဘူး။

မီးလောင်ရာကို လေမပင့်ပါနှင့်။ ရေအေးအေးနှင့် ငြိမ်းသတ်ပါ။ သူ ဒေါသ ဖြစ်နေရင် ကိုယ်က ခန္တီလက်နက်နဲ့ခုခံပါ။ တစ်သက်လုံး သူများအညှဉ့်မခံဘူးဆိုတဲ့ ဖွဲကို မကျင့်သုံးဘဲ သည်းခံအလျှော့ပေးတန်တဲ့ ကိစ္စ အလျှော့ပေးပါ။ အထူးသဖြင့် သားသမီးဆိုတဲ့

mgyoe.com

mgyoe.com
သံကြိုးနှင့်တုပ်နှောင်ထားတဲ့ အိမ်ထောင်ရေးကို တိုးပြီးခိုင်မာအောင် ကြိုးပမ်းပါ။ လောဘ ဒေါသကြောင့် မောဟဆိုတဲ့ အမိုက်မှောင် မဖုံးစေဘဲ ခေါင်းအေးအေးနှင့် အကောင်းကလေး တွေပဲ မြင်အောင် ကြည့်တတ်ကြပါစေလို့ ဇနီးမောင်နှံနှစ်ဦးစလုံးကို တိုက်တွန်းပါရစေ။

* "ဓမ္မော ဟဝေ ရက္ခတိ၊ ဓမ္မစာရီ" ဆိုတဲ့ တရားလက်ကိုင်ထားတဲ့သူကို တရားက အမြဲစောင့်ရှောက်ပါတယ်ဆိုတာကို လက်ကိုင်ထား တရားကပ်ကြပါကုန်။ ။

၀

mgyoe.com

mgyoe.com

# တွဲရမည့်ညကျခါမှ ကွဲကြရသည်

"အရိုးကြိမ်၊ မင်္ဂလာသတို့သမီးနှင့် သတို့သား ညနေပိုင်းမှာ မင်္ဂလာဧည့်ခံပွဲကြီး ကျင်းပတယ်။ ညပိုင်းမှာ ကွဲသွားကြတယ်။ အဲဒါမျိုး ရှင်ကြားဖူးလား၊ ယုံရောယုံလား"

ပြောသူက ကျွန်မ ခင်မင်သော သူငယ်ချင်း။ သူငယ်ချင်းများက ငယ်စဉ်ကပင် မပြုမပြင် အဘွားကြီးလိုနေတတ်သော ကျွန်မအား ကြီးတော် ခေါ်သူခေါ်၊ အရီးခေါ်သူ ခေါ် အမျိုးမျိုးခေါ်ကြသည်။ ကျွန်မ သူငယ်ချင်းမှာ အတွေးအခေါ်ရင့်ကျက်ပြီး ဘွဲ့ရ ပုဂ္ဂိုလ်တစ်ဦးပါ။

"ကြားတော့ ကြားဖူးပါတယ်။ ရှင်ပြောသလို နေ့ချင်းပြီးတော့ မဟုတ်ဘူး၊ လပိုင်း နှစ်ပိုင်းမှာ ကွာကြရှင်းကြတာပေါ့"

"ခုဟာ ရှင်မယုံမရှိနှင့်။ ညနေ ငါးနာရီမှာ ဧည့်ခံပွဲပြီးတယ်၊ ည ၉ နာရီမှာ ပြတ်စဲ သွားကြရော"

"အဖြစ်ကလည်း မြန်ပါဘိ၊ ဒါ ကျွန်မ ရေးကွက်ကလေးပဲ။ အသေးစိတ်ပြောပြ ပါလား။ ရေးရင်အမည်နာမတွေ မထည့်ပါဘူး၊ ပြည်သူတို့အတွက် သင်ခန်းစာရအောင်ပါ"

"လူ့သဘောတွေ ဆန်းကြယ်သလို လောကဇာတ်ခုံမှာ အဖြစ်ဆန်းတွေရှိတာ ရှင် သိစေချင်လို့ပါ။ အမျိုးသားကလေးက ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံမဟုတ်ရှာဘူး။ အမျိုး သမီးဘက်ကတော့ ကြွယ်ဝချမ်းသာတယ်။ ပြီးတော့ တစ်ဦးတည်းသော သမီးကွယ်။ ရုပ်လည်းချောမှချော၊ သူငယ်ကလေးမိဘနှင့် သူငယ်မလေးမိဘတွေဟာ တစ်ဦးနှင့် တစ်ဦး ကျေးဇူးမကင်းကြဘူးတဲ့။ သူငယ်ကလေးက ဉာဏ်ပညာထက်မြက်တော့ ဆရာဝန်လိုင်း ရပြီး ဆေးကောလိပ်တက်ရတယ်။ ကလေးမကလေးကတော့ ရိုးရိုးသင်တန်းတက်ပြီး

mgyee.com
ရောရောနှောနှောနေကြတယ် ဆိုပါတော့။ အမှန်တော့ နှစ်ဖက်မိဘက သူတို့နှစ်ယောက်ကို လက်ဆက်ပေးချင်လို့ နီးစပ်အောင်ဖန်တီးပေးထားတာကွဲ့၊ သာမန် အရပ်မျက်စိနှင့်ကြည့် ရင်တော့ ဒီကလေးနှစ်ယောက်ဟာ သမီးရည်းစားပေါ့ကွယ်။ နှစ်ယောက်တည်း ကားတစ်စီးနဲ့ တူတူထွက် ရပ်ရှင်ကြည့်တဲ့အခါကြည့်၊ တခြားလည်ပတ်စရာရှိလည်း လည်ကြပတ်ကြ ပေါ့။ ဒီလိုနှင့် အမျိုးသားလေးက စာမေးပွဲအောင်သွားပါရော"

"ဒါဆို ယူလိုက်ကြရုံပေါ့။ ဘယ်လိုဖြစ်ကြတာလဲ" ကျွန်မက သိချင်ဇောနှင့်မေးလိုက်ပါသည်။

"စောင့်နားထောင်ပါဦး၊ သူငယ်လေးဘက်က မိဘတွေက သူတို့သားကို ဒီအမျိုးသမီးနဲ့ သိပ်သဘောတူတယ်။ အမျိုးသမီးဘက်ကလည်း သူ့ကို ငယ်ငယ်ကတည်းက စာတော်လို့ မျက်စိကျနေတာပေါ့။ အမျိုးသားကလေးဟာ မိဘက သွားဆိုသွား၊ လာဆိုလာ၊ မိဘ စကားမပယ်ရှားပေမဲ့လို့ မူလကတည်းက စိတ်မဝင်စားရဲ့လားမသိဘူး။ စေ့စပ်ကြောင်းလမ်းတော့မယ်ဆိုတော့ သူက ဝမ်းသာအယ်လဲ မရှိဘူးတဲ့။ ဒါပေမဲ့လို့ သူတို့စကားမှ နားမထောင်ရင် အမေကြီးက သေမတတ် ငိုငိုယိုယို အတင်းပြောတဲ့အခါ စေ့စပ်ကြောင်းလမ်းမှု အောင်မြင်သွားတာပေါ့။ စေ့စပ်ကြောင်းလမ်းပြီးတာနှင့် အမျိုးသမီးဘက်က ဆရာဝန်ပေါက်စကလေးကို လိပ်ခုံးကားကလေး တစ်စီးဝယ်ပေးတာပဲ။ သူတို့သွားလာနေတာ အိမ်နီးချင်းနဲ့ သူငယ်ချင်း မိတ်ဆွေတွေအားလုံး သိနေတာပေါ့"

"ခုခေတ် ဆရာဝန်ကလေးတွေက ကျွန်မတို့ ငယ်ငယ်က အိုင်စီအက်တွေလို ဈေးကောင်းတာပေါ့။ ဟိုတုန်းက အိုင်စီအက်ရရင် အရေးပိုင်ကတော်၊ မင်းကြီးကတော် ဖြစ်မှာပဲဆိုပြီး သမီးရှင်တွေက တိုက်တစ်လုံး ကားတစ်စီး စိန်တစ်ဆင်စာထည့်ပြီး ဝယ်ယူကြတာလို ခုလည်း ဆရာဝန်ယောက်ျားရမှ လက်ဖျားငွေသီးမှာဆိုတဲ့ ယုံကြည်ချက်နှင့် ဆရာဝန်ရှာနေကြတာပဲ။ ဆရာဝန်ရမယ်ဆိုရင် ပွဲစားကို ငွေတစ်သောင်းပေးရတယ်လို့တောင် ကျွန်မကို မိတ်ဆွေတစ်ယောက်က ပြောဖူးတယ်"

ကျွန်မက ကြားဖြတ်ပြောပါသည်။

"ကျွန်မလည်း ကြားဖူးတယ်။ ဆရာဝန်က ထိပ်တန်းက ဈေးအကောင်းဆုံးတဲ့၊ စစ်ဗိုလ်တို့ အင်ဂျင်နီယာတို့က ဆရာဝန်လောက် ပွဲခမရဘူးဆိုပဲ။ ကဲ ဒါနှင့်ဆက်ပြောဦးမယ်။ နောက်ဆုံးဖိတ်စာတွေလည်း အကောင်းဆုံးရိုက်၊ လူတွေလည်းသောက်သောက်လဲ ဖိတ်ကြားပြီးအင်းလျားလိတ်ဟိုတယ်မှာ လက်ထပ်ကြတာပေါ့။ အချိန်က ညနေ ၃ နာရီက ၅ နာရီထိတဲ့။ အထက်တန်းစား လက်ထပ်မင်္ဂလာဧည့်ခံပွဲပေါ့။ ကိုယ်နဲ့ ကိုယ့်အဘိုးကြီး တောင် သွားလိုက်ရသေးတယ်။ လူတွေဆိုတာ ဧည့်ခန်းမကြီးမှာ ပြည့်လျှံလို့လေ"
mgyee.com

mgyoe.com
"အင်းလျားလိတ်က ပွဲသိမ်းပြန်လာပြီး ည ခုနစ်နာရီလောက်မှာ သတို့သားပျောက်လို့ ခေါင်းနောက်ကုန်ကြရော။ အင်းလျားလိတ်က ပြန်လာပြီး အဝတ်အစားလဲလှယ်သေးတယ်။ နောက် ကျွန်တော် အပြင်ခဏသွားဦးမယ်လို့ပြောသွားတာ ခုနစ်နာရီအထိ မလာဘူးပေါ့။ မင်္ဂလာဦးနေ့ဆိုတော့ တချို့အင်းလျားလိတ်ကို အကြောင်းမညီမညွတ်လို့ မလာနိုင်တဲ့ မိတ်ဆွေတွေကလည်း အိမ်လိုက်လာပြီး လက်ဆောင်ပို့ကြ၊ မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြဖို့လာတော့ သတို့သားမရှိဘူး၊ အပြင်ထွက်သွားတယ်ဆိုတော့ ယောက္ခမကြီးတွေရော သတို့သမီးပါ မျက်နှာပျက်တာပေါ့"

"အဲဒီသူငယ်က ဘယ်သွားနေတာလဲ၊ ထွက်ပြေးတာလား"

ကျွန်မက ဇာတ်သိမ်းခန်းသိချင်လှ၍ လောလိုက်ပြန်ပါသည်။

"အဲဒီဆရာဝန်ပေါက်စက တစ်ချိန်တည်း ငါးရံ့နှစ်ကောင်ဖမ်းတာကိုးကွဲ့။ သူ ချစ်တဲ့ရည်းစားသနဲ့သနဲ့ရှိနေတာဆိုတော့ မင်္ဂလာအဝတ်အစားချွတ်ပြီး သူ့ရည်းစားဆီတန်းပြေးတော့တာပေါ့။ ဟိုကလေးမကလေးကလည်း ရှင် တရားဝင်လက်ထပ်ပြီးမှ မလာပါနှင့်လို့ အတန်တန်တောင်းပန်ရှာပါသတဲ့။ ဒါပေမဲ့ သူက နောက်မဆုတ်ဘူး။ သူ မချစ် မနှစ်သက် သူနဲ့ ဘယ်နည်းနဲ့မှ မပေါင်းနိုင်တော့ဘူး။ ဒီနေ့ညမှာမှ ဘဝလမ်းကြောင်း မပြောင်းရင် သူ့ဘဝမှာ ချမ်းမြေ့သာယာမှု ဘယ်တော့မှာ မရနိုင်တော့ဘူးလို့ အတင်း တွယ်ကပ်နေတယ်ဘဲ့။ အဲဒါနဲ့ သူ့ချစ်သူကလည်း ချစ်ရင်းစွဲကလည်းရှိ၊ အကြီးအကျယ် လက်ထပ်ထားပြီးမှ သူ့ဆီကို တည်တည်တံ့တံ့ဘဝကြင်ဖော်အဖြစ် အတူနေကြဖို့ တောင်းခံလာတယ်ဆိုတော့ သူ့မေတ္တာယုံစားပြီး ချစ်သူခေါ်ရာ လိုက်သွားတော့တာပေါ့"

"လက်ထပ်ထားတဲ့ အမျိုးသမီးကလေးက သိသလား"

ကျွန်မက တစ်ဆင့်တက် မေးပြန်သော် . . .

"ညတွင်းချင်း သူ့အပေါင်းအသင်း မိတ်ဆွေတွေ လိုက်စုံစမ်းကြည့်တဲ့အခါ သိသွားလို့ လိုက်ရှာတာပေါ့။ ည၁၁ နာရီမှာ သူငယ်ကို ပြန်တွေ့တော့ အဲဒီ ၉ နာရီမှာပဲ ရပ်ကွက်ကောင်စီဝတ်လုံတွေပင့်ပြီး ကွာရှင်းလိုက်ကြတယ်။ ကဲ . . . အဲဒီဇာတ်လမ်းကို ရှင်ဘယ်လိုဝေဖန်သုံးသပ်မလဲ"

"ဝေဖန်ရမှာက မလွယ်ဘူးလေ။ သူငယ်ချင်းနဲ့ တစ်ဦးဦးက ဆွေးမျိုးတော်နေရင် ကိုယ့်ဝေဖန်ချက်နှင့်ကိုယ် အပြစ်တင်ခံနေရဦးမယ်"

"မဆိုင်ပါဘူးကွာ၊ ရှင့်ဆီကမှ ဘက်မလိုက် ဝေဖန်ချက်သိရမှာ"

"ဒီလိုဆိုပြောမယ်။ တစ်အချက်က ဒီကိစ္စမျိုးက မဖြစ်ကောင်းတဲ့အဖြစ်မျိုးလို့ ဆိုရမယ်။ နှစ်အချက်က မဖြစ်ကောင်းတဲ့အဖြစ်ရောက်အောင် တွန်းပို့သူကတော့ နှစ်ဖက်မိဘရဲ့
mgyoe.com

mgype.com
အမြော်အမြင်ကင်းမဲ့တဲ့ လောဘစိတ်ပဲ။ သုံးအချက်ကတော့ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ယောကျ်ားပီပီသသ ကိုယ့်သဘော ကိုယ်အကောင်အထည်မဖော်နိုင်တဲ့ သတ္တိသားပဲ။ မိဘကိုညာတဲ့ကလေးက မိဘသိက္ခာကျအောင် လုပ်ရသလားကွယ်"

ဤမျှဝေဖန်ချက် စလိုက်လျှင်ပင် သူငယ်ချင်းက။

"သူတို့နှစ်ယောက်က တွဲနေပေမဲ့လို့ စိတ်သဘောချင်းက လုံးဝမတိုက်ဆိုင်ဘူးဆိုပဲကွဲ့"

"အို ဒါကတော့ နောက်မှပေးတဲ့ ဆင်ခြေစကားပါ။ သဘောချင်းမတိုက်ဆိုင်ရင် မစေ့စပ်ခင်က လမ်းခွဲ၊ စေ့စပ်ပြီး လက်မထပ်ခင်က လမ်းခွဲ။ အဲသည်လိုဆို ခုမင်္ဂလာပွဲပြီးမှ ခွဲတာထက် သက်သာမယ်ပေါ့။ သူ လုပ်ပုံက မိန်းကလေးဘက်ကို သက်သက် လက်စားချေတာနဲ့ မတူဘူးလား။ မိဘတွေရော အမျိုးသမီးလေးရော သိက္ခာကျ အရှက်ရစေတာပေါ့"

"အေးကွဲ့မိဘတွေကလည်း သူတို့ဖြစ်စေချင်တာ တစ်ခုပဲ အာရုံပြုတယ်။ ကောင်လေးကလည်း အစတော့ ပစ္စည်းမက်လေသလား"

"သြော် ... သူငယ်ချင်းရယ် ပစ္စည်းမက်လည်း သူမက်သလို ဟိုက လက်မထပ်ခင်ကပဲ ကားတစ်စီး ဝယ်ပေးရှာတာ မကျေနပ်သေးဘူးလား"

"အို ကိုယ်မေ့နေတယ်။ ဒီ သူငယ် အလုပ်ရတော့ ကားဖိုးငွေကို အရစ်ကျ ပြန်ဆပ်ပေးပြီးလို့ပြောတယ်"

"ရှင် ဘာပြောပြော ကိုယ်တော့ အဲဒီသူငယ်မှာ အပြစ်အရှိဆုံးလို့ ဆိုမှာပဲ။ မိဘတွေမှာလည်း အပြစ်ရှိတယ်။ သူတို့ဟာ ရှေးက အယူအဆဟောင်းတွေနဲ့ သားသမီး ဆင်စီးမြင်းရံတာ မြင်ချင်တာတော့ အဆန်းမဟုတ်ပါဘူး။ ဒါပေမဲ့လို့ ခေတ်ပြောင်းလာပြီမို့ လူငယ်တွေမှာလည်း သူတို့အယူအဆ၊ သူတို့ဆန္ဒရှိကြဦးမယ်ဆိုတာ ထည့်စဉ်းစားဖို့ ကောင်းတာပေါ့။ အမျိုးသားကလေးတွေကလည်း တစ်ဖက်သားကို ဒါလောက် ကြာအောင်ကြိုးရှည်ရှည်နဲ့ လှန်ထားတာတော့ မတရားဘူးကွယ်"

"အစကတော့ သူ့မိဘက အမျိုးသမီးကလေး မိဘတွေရဲ့ ကျေးဇူးမကင်းလို့ မိဘစိတ်မဆင်းရဲပါစေနှင့်လို့ သူလိုက်လျောခဲ့တယ်တဲ့ကွယ်"

"ခု လုပ်တာတော့ မိဘ စိတ်မဆင်းရဲစေဘူးလား၊ သူ့ကိစ္စက အပ်နဲ့ထွင်းလို့ရမယ့်ကိစ္စကို ပုဆိန်နဲ့ပေါက်လောက်အောင် ကြီးထွားစေခဲ့တာပေါ့"

"ကလေးမလေးကလည်း သူ့အပေါ် သိပ်အနိုင်ယူတယ်လို့ ပြောကြတယ်ကွဲ့။ ဘယ်အချိန် ဘယ်ကိုသွားမယ်ဆို ချက်ချင်း၊ ပြန်ချင်လည်း ချက်ချင်းပဲ။ ဘယ်တော့ဖြစ်ဖြစ် သူ့အလို သူ့ဆန္ဒချည်း လိုက်လျောရခဲ့တယ်ဆိုပဲ"

"ဒီလိုဆို စောစောက ဖြတ်နိုင်တာပဲ။ စိတ်တိုင်းမကျရင် ဒီအိမ် အသွားအလာ အဝင်
mgype.com

ထွက်မလုပ်ဘဲနေလိုက်ရင် ပြတ်သွားမှာပေါ့။ အမှန်တော့ ဒီသူငယ်က အတ္တသမားကြီး ပါကွယ်။ သူ့ ဘွဲ့ရ၊ အလုပ်ရ၊ ကားရအောင် သည်းခံ အောင့်အည်းပြီး နောက်ဆုံးမှ မရှု မလှ ခွာချတာ။ ကိုယ်တော့ အမျိုးသမီးတွေဘက်က ရပ်တည်ပြီး ဒီသူငယ်မျိုး ရှုတ်ချရမှာ ပဲ။ နည်းနည်းရက်စက်လို့ ပြီးရမယ့်ကိစ္စကို ကြီးထွားလာမှ ခုတ်ထစ်အညွန့်ချိုးလိုက်သလိုပဲ”

“အေးကွယ် ပြောတော့ ပြောစရာပါပဲ။ ဒါပေမဲ့ စိတ်ချမ်းသာမှုရှာဖို့ သူက သတ္တိမွေး နေတာနှင့်တူတယ်”

“သူတို့ကွာရှင်းတာ သတင်းစာတွေထဲ ထည့်ကြေညာသေးသလား”

“မထည့်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ခများ ကာယကံမြောက်ဇနီးအဖြစ်မှ မရောက်တော့ ကွာစရာမလိုဘူးပေါ့။ မင်္ဂလာဦးညမှာပဲ လမ်းခွဲကြသကိုး၊ နောက်တစ်ခုက လပိုင်းတွင်ပဲ ကလေးမလေးကို တခြားအမျိုးသားကလေးနဲ့ ထိမ်းမြားလိုက်တယ်။ သူတို့ နှစ်အိမ်ထောင်စလုံး ခုတော့ ပျော်ပျော်ရွှင်ရွှင်ပါပဲ”

“ကြားရတာ စိတ်ချမ်းသာပါတယ်။ သို့ပေမဲ့လို့ သူတို့အိမ်ထောင်ရေးက ပြောစမှတ်ဖြစ် နေရစ်တာ မကောင်းဘူးပေါ့။ ဒါပေမဲ့လေ ဘယ်တတ်နိုင်မလဲ။ ဥဒ္ဒမ္ဗရဒေဝီကို သစ်ပင်ပေါ် တင်ထားပြီး ထွက်ပြေးသွားတဲ့ ပိဂ္ဂိတ္တလုလင်တို့ ဇာတ်ကြောင်းလို အမျိုးသားလေးကို အပြစ်တင်ခံရမှာပေါ့။ အဖြေလွယ်လွယ်ပေးရရင်တော့ နဖူးစာ မင်ရေကျဲတယ်ပေါ့။ အမှန် တော့ ကိုယ်တို့နိုင်ငံက မိဘနှင့်သားသမီး၊ လင်နှင့်မယား ဆက်ဆံရေးမှာ ပွင့်ပွင့်လင်းလင်း မရှိကြတာ တော်တော်များတယ်။ အမေ စိတ်ညစ်မှာစိုးလို့ မပြောနှင့်၊ အဖေမသိစေနှင့် ဆူလိမ့်မယ်။ လင်မယားလည်း လင်မကြိုက်တာ မယားကလုပ်ပြီး လင်သိရင်ဖြေရှင်းနိုင် မယ့်ကိစ္စကို မယားက ဖုံးထား၊ မယားမသိအောင် လင်ကဖုံးထား။ ဒီတော့ ကင်ဆာရောဂါ လို ပြဿနာတွေက ပွားပွားပြီး မဖုံးနိုင် မဖိနိုင်တော့မှ အရုက်ကွဲ အကျိုးနည်းဖြစ်ကြရ တယ်” ကျွန်မက စကားကြောရှည်ရှည်နှင့် ဝေဖန်လိုက်မိသောအခါ –

“ဟုတ်တယ်ကွယ်၊ ရှင်တို့ ကိုယ်တို့သားသမီးတွေဆို ဒီလိုဘယ်ဖြစ်မှာလဲ။ ငယ်က တည်းက မလိမ်မညာ ပွင့်ပွင့်လင်းလင်းပြောတတ်အောင် အလေ့အကျင့်နှင့် လွတ်လပ်ခွင့် ပေးခဲ့တာကိုး။ ပြီးတော့ အရွယ်ရောက်ပြီးသား လူငယ်တွေရဲ့ကံကြမ္မာကို မိဘတွေက အတင်း ပုံသွင်းလို့မရပါဘူး။ ရှင်ပြောတာ ဟုတ်ပါတယ်”ဟု ထောက်ခံဆွေးနွေးသွားရင်း နှစ်ယောက် ငြိမ်သက်စွာနေလိုက်ကြသည်။ သူငယ်ချင်းကတော့ ဘာကို စဉ်းစားနေမည်မသိ။ ကျွန်မ ကမူ ပုထုဇဉ်တွေမို့ မှားသည့်အခါ မှားကြမည်မှန်သော်လည်း ကိုယ်ချင်းစာနာစိတ် ရှိကြပါ မှ အမှားနည်းသွားနိုင်စရာ ရှိသည်ဟု ကောက်ချက်ချနေ မပါတော့သတည်း။ ။

○

mgyoe.com

mgyoe.com

# အမေက ငယ်သေးတယ်တဲ့

မြို့မငြိမ်း စပ်ဆိုခဲ့သော တေးတစ်ပုဒ်တွင် "အမေက ငယ်သေးတယ်တဲ့" ဟူသော တေးတစ်ပိုဒ်ကို ကြားမိသယောင်ယောင် ရှိပါသည်။ စကားလုံးကလေးများ လှလှပပ ရွေးပြီး အလေးအနက်စပ်ဆိုထားသော သီချင်းကလေးပါ။ သမီးငယ်ကလေးများ ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ပြုလိုက်ကြသည့်အခါ မှားတတ်ကြောင်း ဆုံးမထားခြင်းပါ။ ဘယ်သို့ပင်ဖြစ်စေ အချို့သားငယ် သမီးငယ်များသည် သူတို့ရာဂစိတ်များတက်ကြွနေချိန် အဆိုးအကောင်းမစဉ်းစား နောင်ခါလာ နောင်ခါချေ သဘောထားပြီး မိဘစကားကို ပစ်ပယ်တတ်ကြလေသည်။

မိဘများက စိတ်လိုက်မာန်ပါ စွန့်ပစ်လိုက်ကြသည့်အခါ ကျောင်းသင်ပညာတစ်ပိုင်းတစ်စနှင့် ခရီးမဆက်နိုင်၍ အခက်တွေ့ရသူများ၊ အသက်မွေးကျောင်းမှုတစ်ခု ပညာမတတ်ပါရကား ဘဝကို ရင်မဆိုင်နိုင်ဘဲ ဆင်းဆင်းရဲရဲနှင့် ငိုပွဲဆင်ရသူများစွာကို ရုပ်ရှင်ဝတ္ထုများတွင်သာမက တကယ့်လက်တွေ့ဘဝတွင်လည်း လက်ညှိုးထိုးမလွဲအောင် ရှိတတ်ပါသည်။

မိဘက ကရုဏာမေတ္တာကြီးမားသည့်ပြင် လူညွန့်တုံးမသွားစေရန် ဖေးမထိန်းသိမ်းပြုပြင်နိုင်သည့်အခါတွင်မူ မိုက်မှားမှုဒဏ်ခံစားရမှုက သက်သာနိုင်ပေသေး၏။ မိဘကမူ အသက်နှစ်ဆယ် မကျော်သေး၊ ကျောင်းပညာ မပြီးဆုံးသေးသော သားသမီးများအား ငယ်ရွယ်သူကလေးများဟု သဘောထားတတ်ကြသည်။ သာမန်မိုက်မှားမှုများကိုပင်

mgyoe.com